# ကျွန်ုပ်တို့ဘာကြောင့် ဂိုဏ်းဂဏ မဟုတ်သလဲ?

## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

## ၅၈- ၀၆၂၇

1 ၁။ … သုံးလလောက်ဝေးကွာပြီးနောက် ယခုအခါမှာ ပြန်လည် ရောက်ရှိလာပြီးပလ္လင်ပေါ်မှာ တဖန်ပြန်လည်၍ တွေ့ဆုံခွင့်ရပါသည်။ ရှဥ့်ကလေးများအတွက် ခက်ခဲသော အချိန်ဖြစ်ပါသည်။စိတ်အေးလတ် အေးဖြစ်ရပါပြီ။ ဝတ်ပြုစည်းဝေးသို့တဖန်ပြန်ဝင်ရပြန်ပါသည်။ လာမည်အပတ်မှာစတင်ရန်မြော်လင့်လျက်ရှိပါသည်။ ယခုလာမည့်ဗုဒ္ဓဟူး ညဖြစ်ပါသည်။ တဲတော်ထဲမှာ နိုးထမှုအတွက် ဒီနေရာမှာဖြစ်ပါသည်။ ဘုရားအလိုတော်ရှိပါက… ကိုယ်တော်ရှင် ဂတိ တော်အတိုင်း တမူထူးခြား၍သာသနာပုံစံ အသစ်လုပ်ရပါမည်။ ကိုယ်တော်ရှင်က ပြုလုပ်ရန်အတွက် ဆန္ဒရှိပါက ယခုလာမည့်အပတ်မှာဝတ်ပြုကိုးကွယ်မှုပုံစံအသစ်နှင့်ပြုလုပ်ရန် ကျွန်တော်မျှော်လင့်ပါသည်။ ဒီတဲတော်မှာ ပထမဆုံးအ ကြိမ်ဖြစ်ပါသည်။

ကျွန်တော် ကြိုတင်ချိန်ထားသော စည်းဝေးပွဲများမရှိပါ။ လာမည့်ဇနဝါရီလမှာ ဩစတေးလျားနှင့် နယူးဆီလန်မှာ ရှိပါသည်။ ဆရာသာ အော့စ် ဘွန်းကလည်းပူးတွဲစည်းဝေးပွဲအတွက် ခေါ်နေပါသည်။ အချိန်က ဂတိပေးခဲ့သည်အတိုင်း တူဆန်မှာ နဲနဲနောက်ကျပြီးပြုလုပ်ပါမည်။ သို့သော် ကျွန်တော်တို့မသေချာသေးပါ။

2 ၂။ တကယ်ဘဲကောင်းပါတယ်၊ဆရာသာဂျက်ဖရီး၊ ခင်ဗျားကို လက်ဆွဲနှုတ်ဆက်ဖို့နဲ့ခင်ဗျားရဲ့သားလေး သီချင်းဆိုပြီးခင်ဗျားတီးခတ်တာကောင်းပါတယ်။ အဖေအနေနဲ့သားနှစ်ဦးထဲဖြစ်သည်။ အဲဒါကို သင်မကြိုက်ဘူးလား။? သူငယ်သွားရမည့်လမ်းကို ပြင်ဆင်၍ ပို့ဆောင်ပေးရပါမည်။အဲဒါမှန်ပါတယ်။ မစ္စတာ ဂူရင်သာ ၊ ခင်ဗျားတို့နှစ်ဦးလုံး အဲဒါမှန်ကန်ကြောင်း သိပါတယ်။"သူငယ်သွားရမည့်လမ်းကိုပြင်ဆင်၍ ပို့ဆောင်ပေးမှသာ သူအသက်ကြီးလာလျှင် လမ်းလွဲသွားတော့မည် မဟုတ်ပါ။ အဲဒါမှန်ကန်ပါတယ်။ တခါတရံ သူကလမ်းလွဲသွား တတ်ပါသည်။သို့သော် ထိုအ ရာကသူကိုစွန့်ခွာသွားမည်မဟုတ်ပါ။ သူနှင့်အမြဲတမ်းအတူရှိနေပါမည်။ ထို့ကနဦးသင်တန်းနှင့်ဘာဘဲဖြစ်ဖြစ် သူ့ကို ကြီးပြင်းလာစေရန် ပို့ဆောင်ပေးခြင်းဖြစ်ပါသည်။ သူနှင့် အတူတကယ်ဘဲရှိနေပါမည်။ယခု ဤအရာမှာ…. "

3 ၃။ ကျွန်တော်ဘရာသာ ဂျက်ဖရီကို အပြင်မှာတွေ့ပါသည်။ ကျွန်တော်က ပြောပါသည်။ "ဘရာသာ ဂျက်ဖရီး…" ကျွန်တော်စဉ်းစားမိသည်။ "ခင်ဗျားသိပါတယ်။ ကျွန်တော်အမြဲတမ်းဝမ်းသာပြီး ကျွန်တော်ရဲ့ညီအစ်ကိုတွေကို ရှိသေးရဲ့လားကြည့်ပါတယ်။ ဒါပေမယ့် ညဖက်မှာ ညီအစ်ကိုတွေလာကြမလား။" ဒီနိုးကြားရေးမတိုင်မီမှာ တဲ တော်ကို လာတဲ့လူတွေလာမဲ့ဒီလိုညမျိုးဘဲဖြစ်ပါတယ်။ ဒီညဘဲ လိုချင်ပါတယ်။ မနက်ဖြန်မနက်၊ မနက်ဖန်ညမှာ တဲတော်မှာကျွန်တော်တို့ယုံကြည်သလိုဘဲ တဖန်ပြန်၍ အစမ်းလေ့ကျင့်ရအပါမည်။ ကျွန်တော်တို့မှာ အလွန်ထူးခြားတဲ့ယုံကြည်ချက်တွေရှိပါတယ်။ ဒါပေမဲ့ ဘယ်လိုဘဲဖြစ်ဖြစ် ဒါမှမဟုတ် အခြားအရာဘဲ ဖြစ်ဖြစ်၊ ဒီကျမ်းစာအုပ်ထဲမှ ကျွန် တော်တို့ သူတို့ကို တွေ့ရပါတယ်။ သူတို့အဲဒီနေရာမှာ တွေ့ရပါတယ်။

4 ၄။ ဧည့်သည်ညီအစ်ကိုမောင်နှမများ ရှိပါက ဂိုဏ်းဂဏ တခုခုတွင် ပါဝင်သူများ (သို့) သဘောထား မတူညီသူများ ရှိပါက၊ဒီညမှာ ရောက်လာပြီး သင်တို့ကို ကျွန်တော် တို့က အပြည့်အဝကြိုဆိုပါတယ်။ သင်တို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်…. ကျွန်တော်တို့က လုပ် တာကတော့ ဒီလိုဘဲ ဖြစ်ပါတယ်။သင်က သဘောတူညီမှု မရှိပါက ချယ်ရီပိုင်းမုန့်ကိုစားသကဲ့သို့လုပ်ခဲ့စဥ်က ကဲ့သို့ သင်လုပ်နိုင်ပါသည်။ ကျွန်တော် ချယ်ရီပိုင်းမုန့်ကို စားစဥ်က (ကျွန်တော်အ ကြိုက်ဖြစ်ပါတယ်) ကျွန်တော် အမြဲတမ်း…. စားနေစဥ်အခါမှာ အစေ့ကိုစားမိပါက ကျွန်တော် မုန့်တခုလုံးကို ဖယ်လိုက်ပါ-အစေ့ကို လွှတ်ပစ်လိုက်ပြီး ဆက်၍ မုန့်ကို စားပါသည်။ ကြက်သားစားသကဲ့သို့လည်း ဖြစ်ပါသည်။ ယခု သင်တို့အားလုံးမှာ ကြက်သားစားသကဲ့သို့ဖြစ်ပါသည်။ အရိုးကို ကိုက်မိပါက မစားတော့ဘဲမနေပါ။ အရိုးကို ဆက်မစားဘဲ အသားကိုသာစားပါသည်။ ဒီညလည်း ဒီလိုပါပဲ။ ကျွန်တော်ဆိုလိုတာကတော့စိတ်တိုင်းမကျ သင့်သည့်အရာတွေ တွေ့ရှိပါက ကျွန်တော်မကြိုက်ပါ။ ဒီဘုရားကျောင်းကလေးထဲမှာ ကျွန်တော် ထိုင်နေပြီးနောက်ထပ် ဝတ်ပြုစည်းဝေးသုံးခုဆက်ထိုင်နေပါမယ်။ သူတို့ယုံကြည်တာကို လက်တွေ့လုပ်ပြနေတာဘဲဖြစ်တယ်။

5 ၅။ သင်တခုတည်းသောလုပ်ပိုင်သည့်နည်းမှာ ထိုပုဂ္ဂိုလ်ယုံကြည်စေရန်ပင် ဖြစ်ပါသည်။ ခက်ခဲစွာပြုလုပ် ရမည်ဖြစ်ပြီး နောက်ဆုံး မှန်ကန်ကြောင်း သူတို့သိလာပါမည်။ သေချာစေရန် ပြုလုပ်နိုင်မည့် တခုတည်းသောနည်းလမ်းပင် ဖြစ်ပါသည်။ ကျွန်တော် မိတ်ဆွေ မစ္စတာ ဝုဒ်ကဲ့သို့ဖြစ်ပါသည်။ သံကိုစိုက်သည့်အခါတဝက်သာ ရိုက်ပါက ချောင်သွားပါမည်။ မကြာခင် ကားတိုက်ပါက လွင့်သွားပါမည်။ သံကို အဆုံးထိရိုက်ရပါမည်။ သို့မှသာ စွဲကပ်နေမည်။ ကျွန်တော်ရိုင်းရိုင်း စိုင်းစိုင်း ပြောမိပါကဧည့်သည်များ အနေနှင့် ဒီညဒီမှာ ထိုင်နေပြီး ခင်ဗျား တို့ကို မောင်းထုတ်ခြင်လို့မဟုတ်ပါဘူး။ကျွန်တော်တို့၏ ယုံကြည်ချက်ကိုသာ ခင်ဗျားတို့သိဖို့လုပ်ပေးခြင်းဘဲ ဖြစ်ပါတယ်။ အားလုံးနားလည် ပြီး တကယ် ကောင်းမှန်းသိရင် "အာမင်" ခေါ်ပါ။ ကောင်းပါပြီ။ အဆင်ပြေပါတယ်။ ကျွန်တော်လက်ထဲမှ လွတ်ထွက်သွားရန်ပြုလုပ်ပါမည်… သူတို့အသံပေးကြပါမယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့ဘာကို တကယ်ရပ်တည်လိုကြောင်း သူ တို့ တွေ့ရှိပါက ဒီအသံဖမ်းထား တာတွေက ပြောပါလိမ့်မယ်။ရံဖန်ရံခါ ကျွန်တော်တို့လုပ်ကြပါမယ်။ အကြောင်းကတော့ လူသစ်တွေဝင်လာလို့ပါဘဲ။ ကျွန်တော်တို့လည်းရှေ့ဆက်သွားကြပါမယ်။ အသင်း တော်တိုင်းရဲ့ဩဝါဒတွေကို သာပြောပါမယ်။ အသင်းတော်တိုင်းရဲ့ဩဝါဒတွေကို ကျွန်တော် ဆက်မသွားတော့ပါဘူး။ ဒါပေမဲ့ အချို့အကြောင်းတွေကိုသာ ပြောပါမယ်။ကျွန်တော်တို့ပြောလိုတဲ့ အကြောင်းတွေဘဲ ဖြစ်ပါတယ်။ ဒီညကတော့ ဗုဒ္ဓဟူးညဘဲ ဖြစ်ပါတယ်။…

6 ၆။ တနလာၤ၊အင်္ဂါ ကတော့ ကျွန်တော်တို့သွားပြီး ဆုတောင်းပါမယ်။ အနာရောဂါငြိမ်းခြင်း စည်းဝေးတွေအတွက် အဆင့်သင့်ဖြစ်ရ ပါမယ်။ ဖုန်းဆက်ရပါမယ်။ ဘယ်နေရာကို ဘဲဖြစ်ဖြစ် ဆက်ပါ။ နိုးထမှုအတွက်ဘယ်သူကို မဆို ခေါ်လာပါ။ အလောတကြီး မလာဖို့လဲ ပြောပါ။ ငါ အခု ပြေးပြီးဝင်လာပြီး ဒီညနဲ့မနက်ဖြန်ည အတွက် ဆုတောင်းမယ်။ လို့မပြောပါ။ အဲလိုမလုပ်ပါနဲ့။ ဝင်လာပြီး ခဏနားထောင်ပါ။

ဘာကြောင့် လဲဆိုတော့ အချိန်ယူပြီး အဲဒီစကားကို အရမ်းနီးစပ်အောင် ပြောပြီး နတ်ဆိုးကနေရာလေး တနေရာ တောင်မရအောင် လုပ်လိုက်ပါတယ်။ သင်၏ ယုံကြည်ခြင်းကို အဆုံးစွန်ရောက် အောင်လုပ်လိုက်ပါကစတင်၍ ယုံကြည်သည့်တိုင်အောင် သင်၏ ဩတပ္ပစိတ်ကို သတ်သွား၍ လှုပ်ရှားစေပါ။ ဘုရားသခင်ကိုယုံကြည်ခြင်းက နောက်ခံအင်အားပေးမည်ဖြစ်ပါသည်။ သင်ဆက်လတ်၍ သွားနိုင်ပါသည်။ သင်၏ ယုံကြည်ခြင်းလှုပ်သွားသကဲ့သို့ဦးတည်ချက်အတိုင်းလှုပ်ရှားသွားပါမည်။ ဘုရားသခင်၏ ယုံကြည်ခြင်းကနောက်ကွယ်မှ လှုပ်ရှား၍ အတည်ပြုပါ မည်။ သို့သော် သင်၏ ယုံကြည်ခြင်းဖြစ်ပါက၊ "ယခုဘဲ ကျွန်တော် ရပဲ့ပြီ။" သင်၏ မသိစိတ်ကပြန်လိုမ့်လာပါသည်။ "ငါ့အပေါ်မှာ အမှုပြုပါမယ်။" ချက်ချင်း မဖြစ်လာပါ။—
တကယ့်အနာရောဂါငြိမ်းခြင်းစည်းဝေးဖြစ်စေလိုပါတယ်။အခန်းထဲကို တယောက်မှ မသွင်းနိုင်ခင်ဗျာ၊ အနာရောဂါငြိမ်း စေသူတို့တကယ်ဘဲ နားလည်ပြီးသူတို့ဘာကြောင့်လာရတယ်ဆိုတာအတွက်ပါဘဲ။ ကျွန်တော်တို့ဆီလာလည်ပါ။ ခင်ဗျား တို့ လာလို့ဝမ်းသာပါတယ်။

7 ၇။ မနက်ပိုင်းမှာအသင်းတော်ယုံကြည်ချက်များနဲ့ပတ်သတ်တဲ့ဩဝါဒတေကို ဆက်လေ့လာမှာ ဖြစ်ပြီး မနက်ဖြန်ညလည်းထိုနည်းတူ ဖြစ်ပါတယ်။ ခင်ဗျားတို့ကိုလည်း ဖိတ်ခေါ်ပါတယ်။ ဘယ်သူမဆိုလာနိုင်ပါတယ်။ ဘယ်သူကို မဆိုတွေ့ရလို့ကျွန်တော်တို့အမြဲတမ်း ဝမ်းသာကြပါတယ်။ ဒီညတော့ တဲတော်မှာ ရှိတဲ့လူတွေရဲ့အိမ်ကို တိုက်ရိုက်ရည်ညွှန်းပါတယ်။ ဤအသင်းတော်သွန်သင်ချက်နဲ့ အညီပြုစုပျိုးထောင်ခြင်းခံရတဲ့လူတွေအတွက်ဘဲ ဖြစ် ပါတယ်။ ကွင်းထဲမှာ၊ ဧဝံဂေလိကွင်းထဲမှာကျွန်တော်တို့ တကယ့်အခြေခံကျသည့်ဧဝံဂေလိဩဝါဒကို ဆောင်ယူ သွားကြပါသည်။ ဒါပေမဲ့ ဒီတဲတော်မှာတော့ ကျွန်တော်တို့အတွေးနဲ့ကျွန်တော်တို့ယုံကြည်ချက်များနှင့် အသင်းတော် အနေနှင့် ယနေ့ညကျွန်တော်တို့လုပ်ကြပါမည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကို ဖွင့်ဆိုမှုမပြုမှီ ခေါင်းငုံ၍ ခဏဆုတောင်းကြပါစို့။

8 ၈။ ကြီးမြတ်တော်မူ၍တန်ခိုးတော်နှင့် ပြည့်စုံသော ဘုရားရှင် ပထမဆုံးအက်တမ်ကို စတင်၍ ကမ္ဘာပေါ်မှာ လှုပ်ရှားစေသည်မှာကိုယ်တော်ရှင်ဘုရားဖြစ်တော်မူပါသည်။ ကိုယ်တော်ရှင် ဘုရားဖြစ်ဆဲဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ထာဝရမှ ထာဝရ ဖြစ်သည်။ ကိုယ်တော် ရှင်ဘုရားဖြစ်တော်မူပါသည်။ ကိုယ်တော်ရှင်မှာအစမရှိ အဆုံးလည်း မရှိပါ။ ကိုယ်တော်ရှင် အမြဲတမ်း ရှိနေပါသည်။ အဖဘုရား ကိုယ် တော်ရှင်သည် အကန့်အသတ်မရှိပါ။ ကျွန်ုပ်တို့သည် အကန့်အသတ် ရှိပါသည်ဘဲ။ ကိုယ်တော်ရှင်၏ ဂရုဏာတော်ကိုကျွန်တော်တို့တောင်းခံကြပါသည်။ ဘုရားသခင်၊ ကျွန်ုပ်တို့၏ ဝိညာဉ်တော်ကို သိတော်မူ၍ထာဝရကာလအတွက် ရောစပ်ရပါသည်။ ဤအချိန်မှ စ၍ ထာဝရ ကာလထဲ သို့ ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်တော်ကျွန်တော်တို့ဒီနေရာမှာ ရောက်လာပြီး ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို စစ်ဆေးရန် အတွက်ကိုယ်တော်၏ နှုတ်ကပတ်တော်ရှေ့မှာ ကျွန်ုပ်တို့မည်သို့ရပ်တည်ကြောင်းကို မြင်တွေ့ရန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အတွေ့အကြုံများတွင်ကျွန်ုပ်တို့မည်သို့ရပ်တည်နေကြောင်းကို မြင်တွေ့ရန်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ဝိညာဉ်တော်နှင့်ကျွန်ုပ်တို့၏ဝိညာဉ်တော် ကိုက်ညီမှုရှိသလား။ ကျွန်ုပ်တို့၏ သွန်သင်ချက်များ သမ္မာကျမ်းစာကိုသက်သေဖြစ်စေပါသလား။? အဖဘုရားသခင်ကျွန်တော်တို့အနီးကပ်သေချာစွာ စစ်ဆေး၍ နောင်လာမည့် ဝတ်ပြုစည်းဝေးများအတွက် ပြုလုပ်ပါမည်။မစတော်မူပါ။ ကိုယ်တော်။

9 ၉။ သင်းအုပ်ကိုဒီနေရာမှာ ကောင်းချီးပေးတော်မူပါ။ သင်းထောက်များနှင့် အလုပ်အမှုဆောင်များ၊ အသင်း သားများအားလုံး၊ဤဘုရားကျောင်းကိုလာသော သူများအားလုံးကို ကောင်းချီးပေးတော်မူပါ။ ကျွန်တော် ဒီမှာ နေစဉ်ကာလတလျှောက်လုံးမှာကိုယ်တော် မြောက်များစွာ လာကြပါတယ်။ သူတို့ နာမည်တွေကို ကျွန်တော်မသိပါ။ သူတို့ ဘယ်ကလာသလဲဆိုတာကိုလည်းမသိပါ။ သို့သော် သူတို့ အားလုံးကို ကိုယ်တော်သိပါတယ်။ ကျွန်တော်တို့ဒီည ဒီမှာရှိနေတဲ့ရည်ရွယ်ချက်က ဒါကြောင့် ဖြစ်ပါတယ်။ ကိုယ်တော် ရေးသားထားသော နှုကပ တ်တော် နှင့် မိတ်သဟာယဖွဲ့ရန်ဖြစ်ပါတယ်။ ကျွန်တော်တို့အသက်တာမှာ သန့်ရှင်းသောဝိညာဉ်တော်ကို ပေးသနားတော်မူပါကိုယ်တော်။ငြိမ်း ချမ်းစွာ ကျွန်ုပ်တို့ ထိုင်နေ၍ ရှိသေစွာနှင့် ဘုရားရှင်ကို ကြောက်ရွံ့ရန်လိုပါသည်။ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်နှင့် ကျွန်ုပ်တို့အသတ်တာများကို စစ်ဆေးတော်မူပါ။ မစတော်မူပါ။ကိုယ်တော်။ ဒီညဒီအဆောက်အဦထဲမှာ အသင်း တော်ပေါင်းစုံကလာတဲ့ ညီအစ်ကိုများအဖြစ် ရပ်တည်ရန်ပင်ဖြစ်ပါသည်။ အို ဘုရားသခင် ကျွန်ုပ်တို့၏မိသဟာယများကို ပို၍ အားကောင်းစေပါ။ ... ဘုရားရှင်၏ကျေးဇူးတော်နှင့် မေတ္တာတော်ကျွန်ုပ်တို့အပေါ် ကြွယ်ဝစွာကျရောက်ပါစေ။ လူသားအနေနှင့်လုပ်ရန် ကြီးမားလှသောအလုပ်ဖြစ်ကြောင်း သိလာရသောအခါ ယနေ့ညဝိညာဉ်များထာဝရ ချည်နှောင်ခံရ၍ ရောက်ရှိမည့်နေရာကို ကျွန်တော်တို့စဉ်းစားကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကနှုတ်ကပတ် တော်ထဲသို့ဝင်ရောက်ပြီး ဖော်ပြရှင်းပြခြင်းများ ကျွန်ုပ်တို့အား ကိုယ်တော်၏နည်းလမ်းအတိုင်းပြုတော်မူပါစေ။ ကျွန်ုပ် သိရမည့်တို့ကို မစတော်မူပါကိုယ်တော်။ ဝတ်ပြုစည်းဝေးသုံးကြိမ်... ပြီးဆုံးပါကခွန်အားနှင့် ပြည့်စုံသော အသင်း တော်ဖြစ်စေပါ။ ညီညွှတ်၍ကျွန်ုပ်တို့နှလုံးသားထဲမှာ ကျွန်ုပ်တို့ ၏ရည်ရွယ်ချက်များအားလုံး အတူတကွ ဘုရားသခင်၏နိုင်ငံတော်မှာ မြို့တော်သားများနှင့်အတူ မစခင်နှင့်မတူဘဲ ရှေ့ဆက်လှုပ်ရှားစေတော်မူပါ။

10 ၁၀။ ကိုယ်တော်ကိုကျေးဇူးတင်ပါတယ်။ ကိုယ်တော်၊ အသင်းတော်ရှေ့မှာ ဒီမှာရှိတဲ့ လူတွေရှေ့မှာ ကိုယ် တော်ကကျွန်ုပ်တို့အား အများနှင့် အနားယူရန် အချိန်ရက် သတ္တပတ်ပေါင်းများ စွာပေးပါတယ်။ ဒီညကျွန်တော်အရမ်း သဘောကျပါတယ်။ ကိုယ်တော်ရှိတော်မူသောကြောင့်နဲ့ကိုယ်တော်ရဲ့ကောင်းချီးတွေကြောင့်ဖြစ်ပါတယ်။ အိုဘုရားသခင် ဒီမှာရှိတဲ့ ညီအစ်ကို တွေအတွက် ဆုတောင်းပါတယ်ကိုယ်တော်၊ နိုင်ငံခြားသွားမဲ့ညီအစ်ကို တွေအ တွက်လည်း ဆုတောင်းပါတယ်။ မှောင်မိုက် နေတဲ့နိုင်ငံတွေကိုသွားပြီး ဘဝကိုပစ်မှတ်ထားပြီး ဆက်ကပ်သူများ အတွက် ဆုတောင်းပေးပါတယ်။ ကိုယ်တော် ကျွန်တော်တို့အစ်ကိုဂျက်ဖမိုးစ်သွားသည်။ အခါကောင်းချီးပေးတော်မူပါ။ သူ့သားနှင့် ဇနီးကိုကောင်းချီးပေးပါ။ မြောက်များစွာတိုးပွားစေပါ။အမှောင်ထုထဲမှာ အပေါက်ဖောက်၍ ဧဝံဂေလိအလင်း တရား ထိုးဖောက်စေပြီး ကျယ်ပြန့် စွာ အဝေးကိုရောက်စေပါ။ အဖ၊ သခင်ယေရှုနာမ၌ ဆုတောင်းတယ်။ အာမင်။

11 ၁၁။ ဒီညကျွန်တော်ရဲ့စကော့ဖီးလ် ကျမ်းစာအုပ်ကလေးကို ဖတ်ပြီး မကြာမီကပင် နှစ်ဆယ့်ငါးနှစ်

ကျော်လာခဲ့တဲ့အကြောင်းသိရပါတယ်။ ကျွန်တော် ဆက်လက်၍ ဖတ်ခိုင်နေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ မှုန်ဝါးသွားပါပြီ။ ထိုကြောင့်စာဖတ်မျက်မှန်တလက်ကို ယူပြီး လေ့လာရပါတယ်။ ဒီညဘယ်လိုဖြစ်တယ်ဆိုတာ ပထမဆုံးအနေနဲ့တွေ့ရပါမယ်၊ယခု ကျွန်တော်မှာ လေ့လာရမဲ့ ခေါင်းစဉ်တွေ ရှိပါတယ်။ အသင်းတော်က…? များ စွာလေ့လာလို့ရပါတယ်။ သူတို့ထဲက တခုကတော့ ဘာကြောင့် အသင်းတော်ကိုခေါ်သလဲ? ဘာကြောင့်ငါတို့ဂိုဏ်းဂဏမဖြစ်သလဲ? ယုံကြည် သူ့ရဲ့ဝိညာဉ်ထာဝရလုံခြုံစိတ်ချရတယ်လို့ ဘာကြောင့် ငါတို့ယုံကြည်သလဲ? ဘာကြောင့် ရေထဲနှစ်ရသလဲ? ဘာကြောင့် မိန်းမ တရားဟောဆရာမတွေကို အပြစ်တင်သလဲ? ဗတ္တိဇံပေးတဲ့ အခါမှာ ဘာကြောင့်ရေထဲနှစ်ရသလဲ? အသင်းတော်အသင်းတော်က ဘေးဒဏ်ကြီးကာလကို ဖြတ်သန်းသွားရမလား။ အကြောင်းအရာအများကြီး ဒီမှာရှိပါတယ်။ နောက်ထပ်ညတွေအတွက် ဆယ့်ငါး (သို့) ဆယ့်ရှစ်ခုလောက်ရှိမယ်လို့ကျွန် တော် ထင်ပါတယ်။

12 ၁၂။ ကျွန်တော်ဒီညစဉ်းစားနေမိပါတယ်။ ဘာနဲ့စရမလဲ ဆိုတာဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်က ကျွန်တော်နှလုံးသားထဲမှာဒီအကြောင်းအရာကို ဖော်ပြပါတယ်။ “ဘာကြောင့် ကျွန်တော်တို့ဂိုဏ်းဂဏ မဖြစ်သလဲ? အကြောင်းရင်းကတော့… ဂိုဏ်းဂဏရှိတဲ့ လူတွေကို ကျွန်တော်တို့ဆန့်ကျင်ဖို့ဘာအကြောင်းမှမရှိပါဘူး။ သူတို့ကို ဆန့်ကျင်စရာဘာအကြောင်းမှ မရှိပါဘူး။ ဒါပေမဲ့ ဘယ်ဂိုဏ်းဂဏထဲမှကျွန်တော်တို့မဝင်ရတဲ့ အကြောင်းတော့ ရှင်းပြ ချင်ပါတယ်။ ခင်ဗျားတို့သိထားတဲ့အတိုင်းကျွန်တော်က နှစ်ခြင်းအသင်းတော်ကလေးများ လက်တင်ရခဲ့ပါတယ်။ နှစ်ခြင်း ဆိုတာ ဂိုဏ်းဂဏမဟုတ်ပါဘူး။သိပ်မကြာသေးခင်အနာထိ မဟုတ်ခဲ့ပါဘူး။ အခုတော့ ကျန်လူတွေလိုဘဲ ဂိုဏ်းဂဏ ဖြစ်သွားပါပြီ။သို့သော် ကျွန်တော်တို့ဂိုဏ်းဂဏ ဘယ်တော့မှ မဖြစ်ရတဲ့ အကြောင်းရင်းကတော့….”

13 ၁၃။ အခုကျွန်တော်တို့အဖွဲ့အစည်းပါဘဲ။ ကျွန်တော်တို့ကအဖွဲ့ အစည်းပါဘဲ။ ရုံးတွေမှာ မှတ်တမ်းတင် ထား တာကတော့အဖွဲ့အစည်း အဖြစ်နဲ့ဘဲ ဖြစ်ပါတယ်။ လူစုတစု အတူတကွ ဖွဲ့စည်းကြပြီး ခရစ်တော်ကို ဝတ်ပြုကိုးကွယ်ရန်ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ ဂိုဏ်းဂဏမဟုတ်ပါ။ မည်သူမှ ကျွန်တော်တို့ကို ညြဇာလွှမ်းမိုးလို့မရပါ။ဂိုဏ်းဂဏ မဟုတ်ပါ။ ခရစ်ယာန် ယုံကြည်သူများအကြား မိသဟာယဖွဲ့ပြီး အဖွဲ့အစည်းဖြစ်ခြင်းဖြစ်ပါသည်။ ဘုရားကျောင်းကို လူတို့ရောက်လာကြသည့် ဒီအတွက် ဒီဘုရားကျောင်းက သူတို့အိမ်မိသားစုဘုရားကျောင်းကလေး ဖြစ်လာပါတယ်။ သူ တို့ အသက်ရှင်နေသမျှလာလိုပါက လာနိုင်ပါတယ်။

14 ၁၄။ သူတို့ဒီကိုလာပြီးကျွန်တော်တို့ဟောပြောသမျှကို လက်မခံဘဲ နေလို့ရပါတယ်။ ကိစ္စမရှိပါဘူး။ ခင်ဗျား ခရစ်ယာန်ဖြစ်နေသမျှကာလ ပတ်လုံး မိသဟာယ ဖွဲ့လို့ရပါတယ်။ ဤလူတွေလိုဘဲ လက်ကမ်း ကြိုဆိုပါတယ်။ ရေထဲမှာနှစ်ခြင်း အားဖြင့် ဗတ္တိဇံခံတာကို ကျွန်တော် ယုံကြည် တယ်လို့ ဆိုပါက၊ ရေဖြန်းတယ်လို့ယုံကြည်ပါက အဲဒီအတိုင်းဘဲ နေပါ။ အလားတူပင်ရှိနေဆဲဖြစ်၍၊ ကျွန်တော်တို့နှစ်ဦးစလုံး သဘောတူညီပါကဖြစ်ပါသည်။ အမြင်ချင်းတူရမယ်လို့မဆိုလိုပါ။ သို့သော် သင် ခရစ်ယာန်ညီအစ်ကို (သို့)ညီအမဖြစ်နေသမျှကာလပတ်လုံး ကြိုဆိုပါတယ်။ လူတိုင်း ကို ကြိုဆိုပါတယ်။

15 ၁၅။ ကျွန်တော်တို့မှာဂိုဏ်းဂဏမရှိပါ။ ဂိုဏ်းဂဏက ညီအစ်ကိုတွေကို စိတ်ဝမ်းကွဲစေတယ်လို့ကျွန်တော် ထင်လိုပါဘဲ။ အချို့တို့က ပြောကြပါမည်။ အဲဒီနိုးကြားရေးမှာ ငါတို့ ဘာမှ ပါဝင်စရာမလိုဘူး။ အဲဒါမတ်သဒစ်နိုးထမှုဘဲ။ ငါတို့ကတော့ နှစ်ခြင်းတွေဖြစ်တယ် ငါတို့က တော့မတ်သဒစ်တွေပါ။ ငါတို့သူတို့နဲ့ပတ်သတ်လို့ဘာမှ လုပ်စရာ မလိုဘူး။ ညီအစ်ကို၊ ခရစ်တော်ပါရှိရင် ကျွန်တော်တို့အားလုံး လုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့…. ခရစ်တော်ရဲ့ကိုယ်ခန္ဓာက ဝေဒနာခံစားရပါတယ်။ဒီနေ့ကျွန်တော် ဒါမျိုးတွေ အတော်များများ တွေ့နေရပါတယ်။ …. ခရစ်တော်က ဘယ်တော့မှ၊ ဘယ်အချိန်မှာမှ မလုပ်ခဲ့ပါ။ ဂိုဏ်းဂဏ အသင်းတော်ကို ဘယ်တော့မှ မဖွဲ့စည်းခဲ့ပါ။အဲဒါနဲ့ ပတ်သတ်လို့သေချာ စိတ်ချကြပါ။

16 ၁၆။ မနက်ဖန်ညကျွန်တော် ခင်ဗျားတို့ကို မေးပါမယ်။ ခင်ဗျားတို့သိချင်တာတွေရှိရင် ကျွန်တော် ရည်ညွှန်းတဲ့သမိုင်းအကြောင်း အချို့(သို့) တခြားတစုံတခုရှိရင်….ကျွန်တော်စဉ်းစားဖို့အချိန်မရပါ။ တခြားအကြောင်းအရာ ကိုလည်း ကျွန်တော်မပြောပါ။အကြောင်းမှာ အဲဒီခေါင်းစဉ် တခုထဲအပေါ်မှာ ခင်ဗျားတို့ရက်သတ္တပတ်ပေါင်းများစွာ အချိန်ယူနိုင်ပါတယ်။ နေရာကို သိချင်ရင် ကျွန်တော်ကိုပေးပါ။ စားပွဲပေါ်မှာ တင်ခဲ့ပါ။ ကျွန်တော်ယူပြီးခင်ဗျားတို့အတွက် ဖြေပေးပါ၏။

17 ၁၇။ ရှေးအကျဆုံးနဲ့ပထမဆုံး ဂိုဏ်းဂဏကတော့ ကတ်သလစ် အသင်းတော်ဘဲ ဖြစ်ပါတယ်။ နောက်ဆုံး တဖန်သေဆုံးသွားပြီးနောက်နှစ်ပေါင်း သုံးရာကျော်မှာ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ မှန်ပါတယ်။ နိစိန်ဖခင်ကြီးများကလည်းပြောပါတယ်။ ဂျူးဆီးဖတ်စ်နှင့် သမိုင်းပညာရှင်ကြီးများစွာကလည်း ပြောပါတယ်။ ဂျိုးဆီးဖတ်စ်နှင့်သမိုင်း ပညာရှင်ကြီး များစွာရဲ့အရေးအသားတွေထဲမှာ လည်းတွေ့ရပါတယ်။ အသင်းတော် ခေတ်ကာလတိုင်းမှာ… နောက်ဆုံးတမန်တော် သေဆုံးချိန်နှင့် နှစ်ပေါင်း သုံးရာကျော်ပြီးနောက်ပိုင်း ဂိုဏ်းဂဏကတော့ ကတ်သလစ်ဘဲဖြစ်ပါတယ်။

ပရိုတက်စတင့် အသင်းတော်ကတော့ ဂိုဏ်းဂဏများထဲကဆွဲထုတ်ထားတဲ့ ဂိုဏ်းဂဏတခုပဲ ဖြစ်ပါတယ်။ ပထမဆုံး ပြုပြင် ပြောင်းလဲသူကတော့ လူသာဘဲ ဖြစ်ပါတယ်။လူသာပြီးတော့တွင်ဂလီပြီးတော့ ကယ်လ်ဗင် ပြီးတော့ တောက် လျှောက်သင်သွားပါတယ်။ ဝက်စလီယန်နိုးထမှု အထိရောက်လာပြီး အလတ်တန္တြားကင်မ့်ဘဲလ်၊ဂျွန်စမစ် နဲ့နောက်ပိုင်း တလျှောက် ဆင်းလာပါတယ်။ နောက်ဆုံး ကျွန်တော်တို့ရရှိတဲ့ လှုပ်ရှားမှုကတော့ယခု အထိ အမျိုးမျိုးပုံစံ တွေ ဖြစ်နေတဲ့ ပင်တေကုတ္တေခေတ်ကာလဘဲ ဖြစ်ပါတယ်။

18 ၁၈။ ဘုရားသခင်ကခေတ်ကာလတိုင်းမှာပါဝင်ပါတယ်။ သို့သော် သင်သတိပြုမိပါသလား။ အသင်းတော် ကျဆုံးတဲ့ အချိန်တိုင်းမှာ… သူ တို့ ဂိုဏ်းဂဏဖွဲ့စည်းသည့် အချိန်ပင်ဖြစ်ပါသည် မဟုတ်လား။? သူတို့ကျဆုံးတိုင်းမှာ ဘုရားသခင်က ထိုအသင်းတော်ကိုဘယ်တော့မှ ပြန်၍ မထစေတော့ပါ။ တည့်တည့် မတ်မတ်ပင်မျိုးစေ့ထံသို့သွားရ ပါသည်။ ထိုအကြောင်းနှင့်ပတ်သတ်သည့် သမိုင်းကိုသိလိုပါက ကျွန်တော်တို့ ပြနိုင်ပါသည်။ ဘယ်အသင်းတော်မှ— ကျဆုံးပြီးသားဂိုဏ်းဂဏ တခုပြန်လည် ထူထောင်ခြင်း မရှိပါ။ နှစ်ခြင်း၊ မတ်သဒစ်၊ ပရတ်ပီးတေးရီးယန်း၊လူသာရင် ဘာဘဲဖြစ်ဖြစ် သူတို့ကျဆုံးပါက သူတို့အားလုံး ပျောက်ကုန်ပါသည်။ မှန်ပါသည်… ခင်ဗျားတို့ကို ယခု ကျွန်တော် ပြောပြပါမယ်။ အင်္ဂါတွေ ဝတ်ထားပါ။ကျွန်တော်တို့လန်အောင် လုပ်မလို့ပါ။ တခါမှ တချိန်မှ မရှိခဲ့ဘူးပါ။ လူတဦးက

ပုဂ္ဂိုလ်တဦးအနေနှင့် ထွက်လာပြီး အသင်းတော်ဖွဲ့စည်းပါက စတင်၍ လုပ်ဆောင်နိုင်ပါသည်…

19 ၁၉။ ဘုရားသခင်ကတဦးစီနှင့် အလုပ်လုပ်ပါသည်။ ဂိုဏ်းဂဏနှင့် အလုပ်လုပ်ခြင်း မဟုတ်ပါ။ ဘယ်ခေတ်ကမှ ဘုရားသခင်သည်လူတဦး စီနှင့် သူအလုပ်မလုပ်ခဲ့ပါ။ ဓမ္မဟောင်းကျမ်းတွင် ကိုယ်တော်က လူတဦးစီနှင့် အလုပ်လုပ်ပါသည်။ ဓမ္မဟောင်းကျမ်းတွင် ကိုယ်တော်ကလူတစ်ဦးစီနှင့် အလုပ်လုပ်ပါသည်။ ဘယ်ခေတ်မှာ ဖြစ်ဖြစ် သူမြတ်မ်း လူများနှင့် အလုပ်လုပ်ပါသည်။ ဂိုဏ်းဂဏများနှင့် အလုပ်မလုပ်ပါ။ ဘုရားသခင်က ဂိုဏ်းဂဏများထဲမှာမရှိပါက၊ ကျွန်တော်ကဂိုဏ်းဂဏ အဖြစ် ရှိနေပါ က ဘာအကျိုး ရှိပါမည်နည်း? ဂိုဏ်းဂဏထဲမှာ ရှိနေသော သူများ အကြောင်း ကျွန်တော် စကားပြောနေခြင်းမဟုတ်ပါ။ ဂိုဏ်းဂဏအကြောင်း ကျွန်တော် ပြောဆိုနေခြင်း ဖြစ်ပါသည်။ အကြောင်းမှာ ဘုရားလူများကထိုဂိုဏ်းဂဏများထဲမှာ အားလုံးရှိနေသော ကြောင့် ဖြစ်ပါသည်။

20 ၂၀။ ဘုရားသခင်ကကြိုတင်သတိပေးခြင်းမရှိဘဲ ဘာတခုမှ ဖြစ်ခွင့်မပေးပါ။ အသင်းတော်များထဲမှ ထွက်ပေါ် လာသောကိစ္စများ ကျွန်တော်တို့မှာ ရှိသကဲ့သို့ဖြစ်ပါသည်။ မကြာမီကသေွးနှင့် ဆီအကြောင်း ကျွန်တော်တို့ပြောခဲ့ ပါသည်။ သင်ကလည်း “ဘုရားသာ ဘုရမ်ဟမ်ခင်ဗျာ”

သို့သော် စာကိုသိကြပါသည်။ ကျွန်တော်ကထိုအကြောင်းကိုဆန့်ကျင်ရပ်တည်ရခြင်းမှာ နှုတ်ကပတ်တော်ထဲမှာ မရှိ သောကြောင့် ဖြစ်ပါသည်။ ထိုကြောင့်ဂိုဏ်းဂဏကို ကျွန်တော်ဆန့်ကျင်ရခြင်းအကြောင်း ဖြစ်ပါသည်။ နှုတ်ကပတ် တော်ထဲမှာမရှိသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့၏ယုံကြည်ခြင်းကို အခြေခံကိုရမည့် တစုံတခုရှိပါသည်။ ဂိုဏ်း ဂဏအချို့အပေါ်မှာအခြေမပြုနိုင်ပါက ဘုရားနှုတ်ကပတ်တော် အပေါ်အခြေပြု ရပါမည်။ အကြောင်းမှာ ထိုအရာသည် တခုတည်းသောအခြေခံဖြစ်၍ ဘုရားနှုတ်ကပတ်တော် ဖြစ်ပါသည်။

21 ၂၁။ ဘုရားသခင်၏နှုတ်ကပတ်တော်ကဂိုဏ်းဂဏ အကြောင်းမပြောပါက ဂိုဏ်းဂဏကို ဆန့်ကျင်ပြောဆိုပြီး ကျွန်တော်တို့ နှုတ်ကပတ်တော်နှင့်အတူပြောဆိုရပါမည်။ ဘီးရှော့က ဘာပြောပြော၊ ဘယ်သူက ဘာပြောပြော ဘယ်သူ ဘာဘဲ တွေးတွေး၊ လူကောင်းကဘာပြောပြော၊ ဘယ်အရာက ဘာဘဲပြောပြော ဘုရားနှုတ်ကပတ်တော်ကသာ နောက် ဆုံးအရာ ဖြစ်ရပါမည်။ ဘုရားစကားကသာလျှင် နောက်ဆုံး အာမင် ဖြစ်ရပါမည်။

ကျွန်တော်က ဂိုဏ်းဂဏထဲမှာ ဘယ်သူကိုမဆိုခရစ်ယာန်မဖြစ်အောင် လုပ်နေခြင်း မဟုတ်ပါ။ (သင်ထိုအရာကို နား လည်ပါသည်) ထိုဂိုဏ်းဂဏများအားလုံးထဲမှာတန်ဖိုးရှိသော ထောင်သောင်းများစွာသော ဝိညာဉ်များက ဘုရားသား သမီးများဖြစ်ကြပါသည်။ သို့သော်သူတို့ကို ခွဲခြား၍ ပိုင်းခြားရန်ကျွန်တော် ဆန့်ကျင်ပါသည်။ ဘုရားနှုတ်ကပတ်တော် လည်းဆန့်ကျင်ပါသည်။

22 ၂၂။ ကျွန်တော်ယုံကြည်သည်မှာ စနစ်တခု ယနေ့၌မြေပေါ်မှာ မရှိတာပါ။ စနစ်ဆိုသည်မှာ မရှိတော့ပါ။ သို့သော်ဘုရားနှုတ်ကပတ်တော် အားဖြင့် ကြိုတင်ဖော်ပြ၍ ရောက်လာခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့လိုအပ်သမျှကိုဘုရားနှုတ်ပတ်တော်က ပံ့ပိုးပေးကြောင်း ကျွန်တော် ယုံကြည်ပါသည်။ အစမှ အဆုံးအထိ ဘုရားနှုတ်ကပတ်တော်ထဲမှာတွေ့ရပါသည်။ ဘုရားနှုတ်ကပတ်တော်ထဲမှာ မတွေ့ရပါက ကျွန်တော်တို့ လုပ်သင့်သည်မှာ… ကြိုတင်ပြောဆိုခြင်း ဖြစ်သည်။ ဘုရားနှုတ်ကပတ်တော်မှာ သတိပေးခြင်းဖြစ်ပါသည်။

23 ၂၃။ သတင်းစာဖတ်သကဲ့သို့သင်ကဘုရား နှုတ်ကပတ်တော်ကိုဖတ်ခြင်း မရှိပါ။ သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့်သာ ဘုရားနှုတ်ပတ်တော်အားဖြင့်သာဘုရားနှုတ်ကပတ်တော်ကို သင်ကဖတ်ပါသည်။ အကြောင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်က ခရစ်တော်အားဖြင့်စကားပြောပါသည်။ ခရစ်တော်က ဤအရာများကို ပညာတတ်များ၊ ယဉ်ကျေးသူများထံမှ ဖုန်းကွယ်ထားသည်ကိုဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ သူငယ်ချင်းများကိုသာ ဖော်ပြပါသည်။ ပညာတတ်ဖြစ်ရန်နည်းလမ်းမရှိပါ။ ဂိုဏ်းဂဏပြုလုပ်ရန်လည်း နည်းလမ်းမရှိပါ။ နည်လမ်းတခုတည်း သာ ရှိ၍ ဘုရားသခင်၏ ဝိညာဉ်တော်လမ်းပြခြင်းအားဖြင့်သာဖြစ်ပါသည်။ ဤနှုတ်ကပတ်တော်အားဖြင့် သင်က အတွေ့ အကြုံရှိရပါမည်။ ၎င်းနောက် သင်ရရှိပါမည်။

24 ၂၄။ ကျွန်တော်တို့မိနစ်အနည်းငယ်အတွင်းဆင်းလာပြီး လူအများနှင့် ပြုလုပ်ပါသည်… အချို့သော သူများမှာ ကယ်လ်ဗင်ဝါဒီများ ဖြစ်ပြီး အချို့က အာမီးနီးယန်းများဖြစ်သည်။ အမျိုးမျိုး ဖြစ်ပါသည်။ ဘယ်လောက်ဘဲ ပါးပါးကလေး လှီးထားပါစေ နှစ်ဖက်ဖြစ်နေပါသည်။အမှန်တ ကယ်ပင် ဖြစ်ပါသည်။ သူတို့နှစ်ဦးစလုံးမှာ အငြင်းပွားရမည့် အချက်များရှိပါသည်။သို့သော်လည်း အမှန်တရားကတော့ ရှိနေပါသည်။ ကျွန် တော်တို့လာသော နေရာ ဖြစ်သည်။ စဉ်းစားသောနေရာဖြစ်သည်။ဘုရားကျေးဇူးတော်ကြောင့် အမှန်တရားကို သင့်အားပြသနိုင်ပါသည်… အသင်းတော် ဩဝါဒအချို့ကို ရေးသားထားသည်မှာ ကျွန်တော်တို့ရရှိသောနေရာပင်ဖြစ်ပါသည်။

25 ၂၅။ မိနစ်အနည်းငယ်အတွင်းသင်တို့ကျမ်းစာများကို ဖတ်ကြည့်ကြပါစို့။ ခင်ဗျားတို့အားလုံး ဗျာဒိတ် ကျမ်းအခန်းကြီး(၁) သို့ (၁၇) ကို ဖွင့် ဖတ်ပါမယ်။ စတင်ဖတ်ရှုပြီး ဤအသင်းတော်များ ဘယ်ကစတင်သည်ကို ကြည့်ကြပါမည်။ ဘာနှင့်စတင်သည်ကိုလည်း ကြည့်ပါမည်။ သမ္မာကျမ်းစာက အရာရာကို ကြိုတင်အသိပေးထားပါသည်။ကျွန်တော်တို့အသက်ရှင်နေထိုင်သော နေ့ရက်များကိုကြိုတင်သတိပေးထားပါသည်။ ဗျာဒိတ်အခန်းကြီး(၁၇) ဖြစ်ပါ သည်။ (၁၃) လို့ ကျွန်တော် ပြောပါတယ်….နောက်မှ အဲဒါကို ကျွန်တော်တို့လေ့လာပါမယ်။ အမေရိကန် ပြည် ထောင်စု အကြောင်း ပရောဖက်ပြုထားခြင်းဖြစ်ပါတယ်။သေသေချာချာ နားထောင်ပါ။ ဗျာ (၁၇း၁) ကို ရေးပါ။ “ဖလား ခုနှစ်လုံး ရှိသော ကောင်းကင်တမန်ခုနစ်ပါးတို့တွင် တပါးသည်လာပြီးလျှင် ငါ့ကို နှုတ်ဆက်၍ လာခဲ့ပါ။”ရေပေါ်မှာ ထိုင်သော ပြည့်တန်ဆာမကြီး၌ စီရင်ခြင်းအမှုကို ငါပြမည်။ နက်နဲသောအရာ ဖြစ်ပေါ်ပါသည်။မကောင်းမှုဖြင့် ကျော်သွားသော မိန်းမဖြစ်သည်။ ဤအကြောင်းကို ကျွန်တော်တို့သင်ကြားမည်ဆိုပါကပထမဆုံးကျ၍ ပြယုဂ် များကသာ အဓိပ္ပာယ်ဆိုတာ လေ့လာရပါမည်။ သမ္မာကျမ်းစာထဲမှာ မိန်းမကိုယ်စားပြုသည်မှာ“အသင်းတော် ဖြစ်ပါသည်။” ဘယ်နှစ်ယောက် သိပါသ လဲ။? ကျွန်တော်တို့က သတို့သမီးဖြစ်ပါတယ်။ အသင်းတော်မှာသတို့သမီးဖြစ်ပါတယ်။

26 ၂၆။ “ဒီကိုလာပါ။ တရားစီရင်ခြင်း အမှုကို ငါပြမည်။” ရေပေါ်မှာထိုင်သော မသန့်ရှင်းသည့် မိန်းမပြည့်တန် ဆာကြီးကို

တရားစီရင်တော့မည် ဖြစ်ပါသည်။ မိန်းမက အသင်းတော်ကို ပုံစံပြုပါသည်။ရေဆိုသည်မှာ လူအများကို ဆိုလိုပါသည်။ ထိုနောက် အခန်းငယ် (၁၅) ကို ဖတ်ကြည့် ပါက ပို၍သိရပါမည်။

"ယခု မြင်၍ ပြည်တန်ဆာတိုင်သောရေကား၊ အသီးသီး ဘာသာစကားကိုပြောသော လူ အမျိုးမျိုး တခုခုဖြစ်သတည်း။"

ဤအသင်းတော်ကြီး၊ မိန်းမကြီးများ မကောင်းသောမိန်းမကြီးဖြစ်ပါသည်။ မိန်းမက အသင်းတော်ကို ကိုယ်စားပြုပါက ခရစ်တော်၏ အသင်းတော်မှာသတိုးသမီးဖြစ်၍ မြင့်မြတ်သန့်ရှင်းသော သတိုးသမီးဖြစ်ပါသည်။ သူမသည် မသန့်ရှင်း သော မိန်းမဖြစ်ပါသည်။သူမသည် မသန့်ရှင်းသော သတိုးသမီးယောင်ဆောင်သည့် မိန်းမပင်ဖြစ်ပါသည်။ သူမဘာ လုပ်ပါသလဲ? သူမထိုင်နေပါသည်။ အပေါ်မှာ ဖြစ်သည်။ အဓိပ္ပာယ်မှာ"ရေပေါ်မှာ " အထက်မှ အုပ်ချုပ်ခံရသူ ဖြစ်သည်။ တနည်းအားဖြင့်ဆိုသောသူမကလူမျိုးတကာ နိုင်ငံတကာအပေါ်မှာ အာဏာသက်ရောက်ပါသည်။ သူမမှာ ကြီးမြတ် သူဖြစ်ပါသည်။

27 ၂၇။ လောဒကီရှင်ဘုရင်မိန့်သည့် မတရားသော မေထုန်ကို သူနှင့် ပြုကြပြီး။ ချမ်းသာသောသူ၊ ကြီးမြတ် သောသူတို့သူမနှင့် မတရားသော မေထုန်ကိုပြုကြပါသည်။ မည်သို့ပြုကြပါသလဲ... ရှင်ဘုရင်က အသင်းတော်နှင့် မည်သို့မတရား သော မေထုန်ကိုပြုပါသလဲ? ဝိညာဉ်ရေးရာမကောင်းမှုပင်ဖြစ်ပါသည်။ ဝိညာဉ်ရေးရာဖြစ်သည်။မတရားသော မေထုန်မှာ ဘာလဲ? သူမခင်ပွန်းအပေါ်သစ္စာမဲ့စွာအသက်ရှင်သောမိန်းမ ဖြစ်ပါသည်။ အခြားသော အမျိုးသားတဦးနှင့် နေထိုင် ပါသည်။ ခင်ပွန်းသည်ရှိလျက်ဖောက်ပြန်ခြင်းဖြစ်သည်။ ဤအသင်းတော်မှာ ခရစ်တော်၏ သတိုးသမီး ဟန်ဆောင်နေ ပါသည်။ လောဒကီရှင်ဘုရင်တို့နှင့်မတရားသောမေထုန်ကိုပြုကြပါသည်။ သူမ၏ မသန့်ရှင်းသော အသက်မွေးမှုနှင့် မသန့်ရှင်းသော နေထိုင်ပါသည်။ ၎င်းမှာနက်နဲ၍ချမ်းသာပါသည်။ ကျွန်တော်ကတော့ နှုတ်ကပတ်တော်ကိုသာ ချစ်ပါ သည်။

28 ၂၈။ ယခုသတိပြုပါ။

လောကီရှင်ဘုရင်တို့သည် မတရားသော မေထုန်ကိုသူနှင့် ပြုကြပြီ။ မြေကြီးသားတို့သည် သူ၏ မတရားသော မေထုန်၏ စပျစ်ရည်နှင့် ယဇ်ပူ ဇော်ကြပြီဟုပြောဆိုလျက်

သူမ၏ "စပျစ်ရည်"မှာ သူမပေးလိုက်သော ဖြူသွယ်ခြင်း ပင်ဖြစ်ပါသည်။ "ငါတို့က အသင်းတော်ဖြစ်တယ်။ ငါတို့ကရရှိတဲ့သူတွေဖြစ်တယ်။" ယခုသင့် စိတ်ထဲမှာမှတ်သားထားပါ။

ကောင်းကင်တမန်က ယောဟန်ကိုပြောပါသည်။ "ရေပေါ်မှာထိုင်သော ပြည့်တန်ဆာကြီး၌ စီရင်ခြင်းအမှုကိုငါပြမည်။"

ငါ့ကို ဝိညာဉ်တော်အားဖြင့် တောသို့ဆောင်သွားလေ၏... သားရဲနီပေါ်မှာ ထိုင်လျက်ရှိသော မိန်းမတစ်ဦးကိုငါမြင်၏။....

သမ္မာကျမ်းစာထဲမှာ အနီရောင်သည် "တော်ဝင်" ကိုကိုယ်စားပြုပါသည်။ Scatlet ၏အဓိပ္ပာယ်မှာ အနီရောင်ဖြစ်ပါသည်။ သားရဲမှာ "အာဏာ" ကိုကိုယ်စားပြုပါသည်။ စားရဲသည်ပင်လယ်ထဲမှ တတ်လာသည် ကို သင်သတိပြုမိပါသလား?

ဗျာဒိတ် (၁၃)တွင်... သားရဲက ပင်လယ်ထဲမှ ထွက်လာသည်ကို သင်တွေ့သော အခါ ဤတန်ခိုးအာဏာစက်သည်လူများအကြားမှာ ပေါ်ထွက်လာသည်ဟု အဓိပ္ပာယ်ရပါသည်။ ဗျာဒိတ်(၁၃)တွင် ဤသိုးငယ်တက်လာသောအခါမှာမြေကြီးပေါ်မှ တက်လာခြင်းဖြစ်ပါသည်။ လူအများထဲမှ မဟုတ်ပါ။ အမေရိကန်ပြည်ထောင်စုဖြစ်သည်။၎င်းနောက် သူက ဂျိုကလေး နှစ်ချောင်းရှိလာသည်။ နိုင်ငံရေးနှင့် ဘာသာရေး တန်ခိုးအာဏာများဖြစ်သည်။သူတန်ခိုးရသော အခါနဂါး ကဲ့သို့ စကားပြောသည်။ မှတ်သားထားရသည့် အချက်ပင်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာကရုပ်တုကိုး ကွယ်သော ရောမတွင်ပြုလုပ်ခဲ့သော ဘာသာရေးနှိပ်စက်ညှင်းပန်းမှုများထဲသို့ ကျွန်တော်တို့ရောက်လာမည်ဖြစ် ပါသည်။ အကြောင်းမှာ "ကိုယ်တော်ရှင်မိန့်တော်မူသည်ဟုဆိုသောကြောင့်ဖြစ်ပါသည်။ နောက်ဘာလဲ..." သားရဲပေါ်မှာ ထိုင်နေပါ သည်။ တန်ခိုးဖြစ်သည်။

29 ၂၉။ ရေဗက္ကာကိုသတိပြုမိပါသလား။? ညနေခင်းအချိန်မှာဧလျာဇာက သူမကိုတွေ့ပါသည်။ ကုလာ အုပ်များကို သူမက ရေတိုက်ပါသည်။ ဧလျာဇာပြောသောကြောင့်ဖြစ်ပါသည်။"ကုလားအုပ်များကို ရေတိုက်ရန်ထွက်လာ သော မိန်းကလေးများ ကျွန်တော်ကိုလည်း ရေတိုက်ပါက ကိုယ်တော်ရှင် ရွေးချယ်သောသူဖြစ်ပါသည်။ကိုယ်တော်ရဲ့ကျွန်ဣဇာတ်အတွက် သတိုးသမီးပင်ဖြစ်ပါမည်။"— သူဆုတောင်းနေဆဲမှာပင်ရေဗက္ကာရောက်လာပြီး ရေခပ်၍ သူ တို့ လည်း ရေတိုက်သည်။ ကုလားအုပ်များကိုလည်း ရေတိုက်ပါသည်။ကုလားအုပ်မှာ တိရိစ္ဆာန်ဖြစ်သည်။ ထိုသားကောင် မှာ သူမကရေတိုက်လိုက်ခြင်း ဖြစ်၍ ထိုသားကောင်ပေါ်မှာပင်သူမကိုတင်ပြီး သတိုးသားဖြစ်သူ ဣဇာတ်ထံသို့ပို့ဆောင် ခြင်းခံရပါသည်။

30 ၃၀။ ယနေ့သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးနှင့် အသင်းတော်မှာ ရှင်သန်ကြီးထွားလာပြီး သတိုးသားနှင့် တွေ့ဆုံရန်မြေကြီးပေါ်မှာတင်ဆောင်ခြင်းခံရသည့်အရာမှာ သူတို့ကိုးကွယ်နေသော ဝိညာဉ်တော်ပင်ဖြစ်ပါသည်။ ကိုယ်တော်ကိုဘုန်းတော်ဖြင့် အထက်မှာ တွေ့ဆုံရ မည်မဟုတ်ပါ။ ဇေဖတ် အခန်းကြီး (၅) က လေထဲမှာ တွေ့ဆုံမည်ဟုဆိုပါသည်။ မှတ်သဒ်ချမ်းကို အော်ဟစ်စေရန်အဆင်သင့်ဖြစ်စေပါသည်။ စဉ်းစားကြည့်ပါ။ ကိုယ်တော်ရှင်... ဣဇာတ် ကဖခင်အိမ်ထဲမှထွက်လာပါသည်။ ကွင်းထဲမှာ ရောက်နေပါသည်။ ရေဗက္ကာကုလားအုပ် စီး၍ ရောက်လာသည်ကို တွေ့ရ ပါသည်။ တွေ့တွေ့ခြင်းသူမက သူ့ကို ချစ်ခင်မိပါသည်။ ကုလားအုပ်ပေါ်မှ ခုန်ဆင်း၍ သူ့ထံပြေးသွားပါသည်။ မှန်ပါသည်။ ကျွန်တော်တို့ကိုယ်တော်ကိုဆုံတွေ့မည့်နေရာဖြစ်ပါသည်။ သူမရေတိုက်သော ကုလားအုပ်က သူမကို ခင်ပွန်းထံသို့တင်ဆောင်သွားခြင်းဖြစ်ပါသည်။ အသင်းတော်က ကိုးကွယ်သော တန်ခိုးတော်က အစွန်းရောက်သည်ဟု ယူဆ သည့်အရာကိုအသင်းတော်က ကိုးကွယ်ပါသည်။ အသင်းတော်ကိုလေထဲသို့ချီဆောင်သွားရပါမည့် တန်ခိုးတော်

ပင်ဖြစ်ပါသည်။ ကိုယ်တော်ကို လေထဲမှာဆုံတွေ့ရပါမည်။ သန့်ရှင်းသော ဝိညာဉ်တော်ပင်ဖြစ်ပါသည်။ ရေဗက္ကာမှာအပျိုစင်ဖြစ် ပါသည်။

31 ၃၁။ ကျွန်တော်တို့ယခုပြောနေသည်မှာပြည့်တန်ဆာမကြီး အကြောင်းဖြစ်ပါသည်။ တန်ခိုးတော်မှာ ဘာလဲ ဆိုတာ သင်တို့နားလည်ပြီး မဟုတ်ပါလား? တန်ခိုးများသားရဲဖြစ်၍ သူမသည် သားရဲနီပေါ်မှာ… ဘယ်လိုသားရဲမျိုးဖြစ်ပါ မည်နည်း? အနီရောင်ဖြစ်၍ ချမ်းသာသောတန်ခိုးဖြစ်ပါသည်။သူမသည် မည်ကဲ့သို့သော အသင်းတော်မျိုးဖြစ်ပါမည် နည်း? သူမသည် ချမ်းသာသော တန်ခိုးဖြစ်ပါသည်။ သူမသည် ချမ်းသာသောအသင်းတော်ဖြစ်ပါသည်။ ကြီးမြတ်သော အသင်းတော်ဖြစ်ပါသည်။ ဩဇာအာဏာရှိသော အသင်းတော်ဖြစ်ပါသည်။ …. သူမ၏ ဩဇာကတော့ လူအုပ်ကြီးကို လွှမ်းမိုးသွားပါမည်။ လောကဘုရင်များကဝိညာဉ်ရေးရာ မတရားသော မေထုန်ကို သူမနှင့် အတူ ပြုခဲ့ကြပြီး ဖြစ်ပါသည်။ လောက၏ကြီးမြတ်သောပုဂ္ဂိုလ်များဖြစ်ပါသည်။ ယခုကျွန်တော်တို့သူမမည်သူဖြစ်သည်ကို တစ်မိနစ် အတွင်းလေ့လာကြပါမည်။ဤဂိုဏ်းဂဏများ အကြောင်းဖော်ထုတ်ကြပါမည်။ ထိုမိန်းမသည် အနီရောင်အဝတ်၊ ခရမ်းရောင် အဝတ်ကိုဝတ်လျက်၊ ရွှေတန်ဆာ၊ ကျောက်မြတ်တန်ဆာ၊ ပုလဲတန်ဆာကိုဆင်လျက်ရှိ၍၊ စက်ဆုပ်ရွံ့ရှာဖွယ်သောအရာ နှင့်၎င်း၊မိမိမတရားသော မေထုန်၏ ညစ်ညူးခြင်းနှင့်၎င်း၊ ပြည့်သောရွှေဖလားကိုကိုင်လျက်ရှိ၏။

သူမလက်ထဲမှာ ဘာရှိသလဲ။? ဩဝါဒသွန်သင်ချက်ဖြစ်၍ လူများကိုကိုင်၍ ပေးအပ်ပါသည်။“ငါတို့က အသင်း တော်ဖြစ်တယ်။ ငါတို့ကဒါဖြစ်တယ်။ လောကဘုရင်များသူမနှင့် အတူလာရောက်၍ သောက်စားသည်။” ငါတို့ဒါဖြစ်တယ်။ ငါတို့ကြီးမြတ်တဲ့ တန်ခိုးဖြစ်တယ်။ နိုင်ငံတွေ အားလုံးကိုလွှမ်းမိုးနိုင်တယ်။ ငါတို့က အကြီးမားဆုံးအ သင်းတော်ဖြစ်တယ်။လာကြပါ။ ငါတို့နဲ့သောက်ကြ… (အနည်းငယ်ငုံ့ထည့်ပေးလိုက်သည်။) သင်ယူပါ။သင်ယူပါ။ သူမလက်ထဲမှာ ခွက်ဖလားရှိသည်။

32 ၃၂။ ကြည့်ပါ။

ထိုမိန်းမသည် ခရမ်းရောင်နှင့် အနီရောင်ကိုဝတ်ဆင်ထားသည်…. ရွှေငွေကျောက်သံပတ္တမြား ပုလဲတို့ကို ဆင်မြန်းထားသည်။ လက်ထဲမှာလည်း ရွံ့ရှာဖွယ်မတရားသော မေထုန်နှင့် ပြည့်လျက်ရှိသော ရွှေခွက်ဖလား ကိုကိုင်ထားသည်။

မိတ်ဆွေများ၊ ကျွန်တော်တို့နေစဉ်သတင်းစာဖတ်ခြင်းမဟုတ်ပါ။ဘုရားရှင်၏ ထာဝရ ကောင်းချီးနှုတ်ကပတ်တော်ကို ဖတ်နေခြင်းဖြစ်ပါသည်။ ကောင်းကင်နှင့် မြေကြီးမတည်သော်လည်းနှုတ်ကပတ်တော်တည်မြဲပါသည်။ သူမ၏ နဖူးပေါ်မှာ အမည်ကို ရေးထွင်းထားပါသည်။ …. လျှို့ဝှက်သော ဘာဘုလုံ ပြည်တန်ဆာတို့၏ မိခင်၊ လောက၏ စက်ဆုပ်ရွံ့ရှာဖွယ်ရာဟု ရေးသားထားပါသည်။

33 ၃၃။ လွန်ခဲ့သောအချိန်အနည်းငယ်က ဒီမှာ ရှိတဲ့အသင်းတော်လို့ကျွန်တော်မစဉ်းစားမိပါ။ သို့သော် ဤအကြောင်းအရာအကြောင်းကျွန်တော်ဟောပြောခဲ့ပါသည်။ “နံရံပေါ်မှ လက်ရေး” ခေါင်းစဉ်နှင့် ဖြစ်ပါသည်။ ဘာဘုလုံအကြောင်းသမိုင်းရပ်တည်မှုဖြစ်ပါသည်။ ဘာစနစ် ဘဲတက်လာပါစေ၊ ဘာသာတိုင်းနှင့် စနစ်တိုင်းမှာ ယနေ့ဤကမ္ဘာမြေကြီးပေါ်တွင် ကမ္ဘာဦးကျမ်းမှ စတင်ခြင်း ပင်ဖြစ်ပါသည်။ ဟစ်တလာ၏ “ဘာဘုလုံနှစ်ခု” ကိုရရှိပါက သမိုင်းတွင် လေ့လာပါက၊ (သို့)ကောင်းသော စာအုပ်အချို့မှာ သင်က စနစ်တိုင်းကို တွေ့ြရ၍ သင်လည်း ရှာဖွေတွေ့ရှိနိုင်ပါသည်။အမျိုးသမီးတရားဟောဆရာများနှင့်၊ ပတ်သတ်၍လည်း ကျွန်တော် ပြောပြလိုပါသည်။ ပထမဆုံးဘယ်ကနေစတင်ခဲ့ ကြောင်းသင်တို့ကို ပြသလိုပါသည်။ ကမ္ဘာဦးကျမ်းမှာ ဘဲစတင်ခဲ့ခြင်းဖြစ်ပါသည်။ ဤအရာအမျိုးမျိုးတွင် ကမ္ဘာဦးကျမ်းမှ မည်သို့တက်လာကြောင်း ဖြစ်ပါသည်။ ကမ္ဘာဦးကျမ်း(genesic)၏ အဓိပ္ပာယ်မှာ“အစအဦး” ဖြစ်ပါသည်။ မှန်ကန်ကြောင်းသင်သိရပါမည်။ ကမ္ဘာဦးကျမ်းမှာ အစဖြစ်ပါသည်။ မှန်ကန်ကြောင်းသင်သိရပါမည်။ ကမ္ဘာဦးကျမ်းမှာ အစဖြစ်သည်။ အာလုံးမှာအစအဦးရှိကို ရှိနေရပါမည်။

34 ၃၄။ ကျွန်တော်တောထဲမှာ နှစ်လသုံးလသွားနေသောအခါမှာ သစ်ပင်ကို ကြည့်လိုက်ပါသည်။ သစ်ပင်ကို တွေ့ရ၍မည်မျှလုပကြောင်း သိရပါ သည်။ တခုဆင်းသွားပြီး နောက်တခု သူ့နေရာမှာ တက်လာပါသည်။ မရပ်မနား သောအသက်တာဖြစ်ပါသည်။ထိုအရာကို စဉ်းစားကြည့်ပါ။ သို့သော် တနေရာရာမှာ သစ်ပင်၏ အစရှိပါသည်။ အစရှိကို ရှိရပါမည်။သူသစ်ပင် ဖြစ်ရမည်ဟု တခုတည်းသော ပုံစံချပေးခြင်း( သို့မဟုတ် ဝက်သစ်ချပင်၊ beech အပင်၊ Poplak၊ ထန်းပင် (သို့) ဘာဘဲဖြစ်ဖြစ်၊နောက်ကွယ်မှာ အဓိက အသိပညာရှိနေရပါမည်။ ဝက်သစ်ချပင်တပင် ရှိပါက တကမ္ဘာလုံးမှာ အားလုံးဝက်သစ်ချပင်ချည်းသာရှိနေပါမည်။ သို့သော် ကြီးမြတ်သော အရာတခု။ အဓိကအသိပညာတခုကို ချထားရပါမည်။ ကိုယ်တော်ရှင်၏နာမတော်မြတ်ကောင်းချီးဖြစ်ပါစေဆိုတာစနစ်မှာ လနှင့်ကြယ်များကို ချမှတ်ထားပေးထားသူများ ကိုယ်တော် ရှင်ပင်ဖြစ်ပါသည်။ အရာခပ်သိမ်းကိုကိုယ်တော်ရှင်က အစီအစဉ်တကျ ချမှတ်ပေးပါသည်။ သူ၏ အသင်းတော်ကိုလည်း သူက အစီအစဉ်တကျ ဖြစ်စေပါမည်။သူမကို သူက လည်ပတ်စေချင်သည် အတိုင်း လည်ပတ်ရပါမည်။ အရှေ့ အနောက်၊ မြောက် (သို့) တောင်ဖြစ်သည်။သို့မဟုတ် ပါက ဘာဘဲဖြစ်ဖြစ် ဖြစ်ရပါမည်။ — ဤဂိုဏ်းဂဏဆိုင်ရာ၊ အတွေးများကို ကျွန်ုပ်တို့စိတ်ထဲမှဖောက်ဖျက်ပြီး ကျွန်ုပ်တို့ကိုယ်ကို ကားတိုင်ပေါ်သို့လုံးဝပစ်တင်လိုက်ရပါမည်။ ကိုယ်တော်ရှင်ကသူ၏ အသင်းတော်ကို အစီအစဉ်တကျ ချမှတ်ပေးပါမည်။ သူ၏ ဖန်ဆင်းခြင်းအစီအစဉ်ထဲမှာ ကျွန်တော်တို့သစ်ပင်များကဲ့သို့ဝန်ခံတတ်ရပါမည်။ လက ဘယ်တော့မှ မသာတော့ပါ။ “ဒီညတော့ ကျွန်တော်မဆာတော့ပါ။ သင်တို့ကြယ်ကလေးတွေ ငါ့နေရာမှာ သာကြပါ။” သို့သော် ကျွန်တော်တို့မတတ်ပါ။ကျွန်တော်တို့က မတူပါ။ ခြားနားပါသည်။

35 ၃၅။ ယခုဘာဘုလုန်ကိုကြည့်ပါ။ ဘာဘုလုန်မည်သို့ပေါ်ပေါက်လာသည်ကိုကြည့်ပါ။ သမ္မာတရားကျမ်းစာထဲမှပထမဆုံးပေါ်ပေါက်လာပါသည်။ သမ္မာကျမ်းစာအလယ်တဲ့တဲ့မှာ ပေါ်ပေါက်လာပါသည်။ သမ္မာကျမ်းစာနောက်သုံးပိုင်း မှာလည်း ပေါ်ထွက်လာပါသည်။ တစုံတခုတော့ ရှိပါသည်။ နိရောဒိမ်နှင့် စတင်ပါသည်။ နိရောဒိမ်ကရှိရာချိုင့်ဝှမ်းမှာ ဘာဘုလုန်ကို စတင်တည်ထောင်ပြီး တိုင်းဂရမ်နှင့် ဥဖရတ်ပြစ်အကြားမှာရှိ၍ စုဖရတ်မြစ်ကဖြတ်၍ စီးသွားပါသည်။ ထိုနိုင်ငံ၏ လမ်းတိုင်းကလည်း ဘာဘုလုန်သို့တိုက်ရိုက်ရောက်သွားပါသည်။ဂိတ်တံခါးများကလည်း ပေနှစ်ရာအ ကျော်မှာဖြတ်၍လည်ရှိပြီး ထိုဂိတ်တခါးများကိုကြေးဖြင့်ပြုလုပ်ထားပါသည်။ ဘာဘုလုန်မြို့ထဲသို့ဝင်ရောက်သွားပါက လမ်းတိုင်းကပလ္လင်သို့

ဦးတည်နေပါသည်။

36 ၃၆။ ယနေ့သင်သည် ရောမမြို့ကိုသွားနိုင်ပါသည်။ လမ်းတိုင်းကရောမကို ဦးတည်နေပါသည်။ အပျိုကညာမာရိကိုလမ်းဒေါင့်တိုင်းမှာ တွေ့မြင်ရပါသည်။ လမ်းအချို့အကွေ့များတွင် ခရစ်တော် သူငယ်တော်ကလေးကိုသူမလက်ထဲမှာ ပွေ့ချီထားပြီး ရောမကို ညွှန်ပြနေပါသည်။ သမ္မာကျမ်းစာပထမဆုံး အပိုင်းမှာတွေ့ရသည်။အလယ်မှာလည်းတွေ့ရသည်။ ယခုလည်း နောက်ဆုံးမှာ တွေ့ရပါသည်။ မိနစ်အနည်းငယ်အချိန်ယူ၍ဖတ်လိုပါသည်။ဒါမှသင်တို့နောက်ခံသမိုင်း အကြောင်းကို သိကြပါမယ်။ ထိုမိန်းမသည် သန့်ရှင်းသော သူတို့၏သွေး၊ယေရှု၏ သက်သေခံတို့၏သွေးနှင့် ယစ်မူးသည် ကို ငါမြင်၏။ [အသင်းတော်ကို ကြည့်ပါ။ မိန်းမကိုတွေ့သောအခါအသင်းတော်ကို စဉ်းစားပါ။] သူတော်စင်ဆိုသော စကားလုံးဘယ်ကလာသလဲ? သူတော်စင်ဆိုသော စကားလုံးမှာ။ "သန့်ရှင်းသူ" ဖြစ်ပါသည်။

37 ၃၇။ သန့်ရှင်းသူတို့၏အသွေးနှင့်.... ယဇ်မူးသည်ကို ငါမြင်၏.... ဤအမျိုးသမီးများအသင်းတော်ဖြစ်ပါက သူမက သူတော်စင်များကိုနှိပ်စက်ညှင်းပန်းပါသည်။ သူမသည် အကြီးမားဆုံးအသင်းတော်ဖြစ်ပါသည်။ တကမ္ဘာလုံးအပေါ်မှာ သူမ၏သြဇာသက်ရောက်ပါသည်။ရေမြေတို့၏ သခင်မဖြစ်၍ လောကဘုရင်များသူမနှင့် မတရားသောမေထုန်ကို မှီဝဲကြ သည်။ သူမဘယ်သူပါလဲ? လျှို့ဝှက်နက်နဲမှုရှိပါသည်။ ဝိညာဉ်တော်က... အသင်းတော်မှာ ဝိညာဉ်ဆုကျေးဇူးကိုး မျိုးရှိ ပါသည်။ ပညာနှင့်နားလည်နိုင်သောဉာဏ်ဖြစ်သည်။ အနာရောဂါငြိမ်းခြင်း စသည်တို့ဖြစ်ပါသည်။

...ယေရှုသက်သေခံတို့၏အသွေးနှင့်... ယေရှုအပြောသည်ကို သူတို့ဂရုမစိုက်ကြပါ။ အသင်းတော်ပြောသည်ကိုသာဂရုစိုက်ကြပါသည်။ မှန်ပါသည်။ တကယ်ကို မှန်ပါသည်။

38 ၃၈။ ...ထိုသို့မြင်သော အခါအလွန်အံ့သြမိန်းမော၍နေ၏။"အလွန်အံ့သြမိန်းမော၍နေ၏။ထိုသို့မြင်သောအခါ အလွန်အံ့သြမိန်းမော၍နေ၏..." ယောဟန်၏နေရာကို ကျွန်တော်ခဏယူပါရစေ ထိုအကြောင်းအရာကိုအနည်းငယ်ဖွင့် ဆိုပြသရန်ဖြစ်ပါသည်။ ယောဟန်က ပြောပါသည်။ သူမထိုင်နေပါသည်။ သူမက ခရစ်ယာန်အသင်းတော်အဖြစ် ဟန်ဆောင်နေပါသည်။ ကမ္ဘာကြီးတခုလုံး၏ ငွေများအားလုံးကို သူမပိုင်ဆိုင်ပါသည်။သူမခြေရင်းမှာ လောက ဘုရင်များ ရှိနေပါသည်။ သူမသည် ချမ်းသာကြွယ်ဝ၍ အသွေးအရောင်စုံလင်ပါသည်။သူမယေရှုမာတုရများ၏သွေးဖြင့် သူမ ယစ်မူးနေပါသည် မဟုတ်လား? သူမကသူတော်စင်များကိုမည်သို့ နှိပ်စက်ညှင်းပန်းပါသလဲ? ခရစ်တော်၏ မာတုရ များကို သူမမည်ကဲ့သို့သတ်ပစ်ပါသလဲ? သူမကိုယ် သူမ ခရစ်ယာန်အသင်းတော်ဟု ကြွေးကြော်ပါသည်။

39 ၃၉။ ယခုကြည့်ပါ။

ကောင်းကင်တမန်ကလည်း အဘယ်ကြောင့် အံ့သြသနည်း။ထိုမိန်းမ၏ နက်နဲသောအရာကိုငှင်း ခေါင်းခုနှစ်လုံးနှင့် ချိုဆယ်ချောင်းရှိ၍ ထိုမိန်းမကိုဆောင်သော သားရဲ၏ နက်နဲသော အရာကိုငှင်း ငါပြောမည်။ သာမာန်အားဖြင့် ဖတ်သွား သောအရာသာ ဖြစ်ပါသည်။သင်သိပါ သည်။ အရမ်းလွယ်ပါတယ်။

ယခု မြင်သော သားရဲသည် ဖြစ်ဖူးပြီ၊ ဖြစ်ဘဲမရှိ၊အနက်ဆုံးသောတွင်းထဲက တက်၍ ဖျက်ဆီးခြင်းသို့ရောက်လိမ့်မည်။ ကမ္ဘာဦး တပင်အသက်စာစောင်၌စာရင်မဝင်သောမြေကြီးသားတို့သည်ဖြစ်ဖူး၍၊ ဖြစ်ဘဲမရှိ၊ ဖြစ်လတံ့သော သားရဲကို မြင်ရသောအခါ အံ့သြကြလိမ့်မည်။

ယခုဤအရာကို မှတ်သားထားရပါမည်။ အားလုံးဟုဆိုထားပါသည်။အနည်းငယ်ဟု မပြောပါ။ အားလုံးက အံ့သြကြ လိမ့်မည်။ ဤမိန်းမကို တကမ္ဘာလုံးက အံ့သြကြလိမ့်မည်။မအံ့သြသော အုပ်စုငယ်ကလေးတခုသာရှိသည်။ သိုးသူငယ်၏ အသက်စာစောင်မှာ နာမည်စာရင်းဝင်သော သူတို့သာဖြစ်ပါသည်။

40 ၄၀။ ယခုကျွန်တော်တို့အမြန်ဆုံး ညစ်ထုတ်ပြောဆိုရပါမည်။ မိနစ်အနည်းငယ်သာ အချိန်ရပါတော့သည်မဟုတ် လား? ဘယ်အချိန်မှာသူတို့၏အမည်များကို သိုးသူငယ်၏ အသက်စာစောင်မှာထည့်ပါသလဲ? ဘယ်အချိန်က ထည့်ပါ သလဲ? နောက်ဆုံးနိုးထမှုကို သူတို့တက်ရောက်ခဲ့ပါသည်။ပလ္လင်တော်ရှေ့ကို သူတို့သွားသောညကဖြစ်ပါသည်။ အသင်းတော်တွင် ပါဝင်သော ညကဖြစ်ပါသည်။ခင်ဗျားကို ထိခိုက်ဖို့ကျွန်တော် ကြိုးစားနေတာမဟုတ်ပါဘူး။ သို့သော် ကျွန်တော်ပြောပြနေခြင်းဖြစ်ပါတယ်။သမ္မာကျမ်းစာဆိုထားသည်မှာ သူတို့အမည်များကို သိုးသူငယ်၏ အသက်စာ စောင်ထဲမှာ ရေးထည့်ခြင်းဖြစ်သည်။ကမ္ဘာလောကအစအဦးကထဲကဖြစ်ပါသည်။ အတိအကျပါ။ အစအဦးမှာ ဘုရား သခင်က သူ၏သားတော်ကို စေလွှတ်၍အပြစ်သားများ၏ နေရာကိုယူရန်၊ ဘုရားသားတော်၏ သွေးကိုသွန်းသည့် အခါမှာ သမ္မာကျမ်းစာဆိုထားသည်မှာသူ၏အသွေးတော်သည် ကမ္ဘာဦးအစမတိုင်ခင်ကတဲက သွန်းလောင်းခြင်းဖြစ်သည် ဟုဆိုပါသည်။ သမ္မာကျမ်းစာဆိုထားကြောင်းဘယ်နှစ်ယောက်သိပါသလဲ? ခရစ်တော်၏ အသွေးတော်ကကမ္ဘာဦးမ စမှီအထဲက သွန်းလောင်းခြင်းခံရပါသည်။ အသွေးသွန်းလောင်းသောအခါ၊ ကိုယ်ခန္ဓာတခုလုံး၊သူ၏အမည်ကို အသွေးဖြင့် သိုးသူငယ်၏ အသက်စာစောင်ထဲမှာ ကမ္ဘာဦးအစကတဲက ရေးသားထား ခြင်းဖြစ်ပါသည်။သင်ဘာအတွက်သိပ်ကို မြင့်မြတ်နေပါသလဲ?အို ညီအစ်ကို၊ တံခါးများကို ဖွင့်လိုက်ခြင်းဖြစ်ပါသည်။ မဟုတ်ပါလား?

41 ၄၁။ ယခုဒီမှာဖတ်ကြည့်ကြပါစို့။ သူတို့ပြောတာ မှန်မမှန်ကြည့်ကြပါစို့။ ကောင်းကင်တမန်က ကျွန်ုပ်ကိုပြောပါသည်။ ဘယ်နေရာမှာ လုပ်ခဲ့ပါသလဲ?အခန်းငယ်(၈) ဖြစ်ပါမယ်။ "သင်တွေ့သောသားရဲမှာ..." မှန်ပါသည်။ ထိုအရာပင်ဖြစ်ပါသည်။

သင်တွေ့သော သားရဲမှာ ဖြစ်ဖူးပြီး၊ ဖြစ်လဲမရှိ၊အနက်ဆုံးသော တွင်းထဲကတက်၍ ဖျက်ဆီးခြင်းသို့ရောက်လိမ့်မည်။ ကမ္ဘာဦးကပင်

အသက် စာစောင်သည်စာရင်းမဝင်သော တွင်းထဲက တက်၍ ဖျက်ဆီးခြင်းသို့ရောက်လိမ့်မည်။ ကမ္ဘာဦးကပင် အသက်စာစောင်၌စာရင်းမဝင်သော မြေကြီးသားတို့သည်ဖြစ်ဖူး၍၊ ဖြစ်ဆဲမရှိ၊ ဖြစ်လတံ့သော သားရဲကိုမြင်ရသောအခါအံ့သြကြလိမ့်မည်။ .....

ကမ္ဘာမြေကြီးပေါ်မှာ အုပ်စုတစု ကျန်နေပါမည်။တနည်းအားဖြင့် ဆိုသော် လှည့်ဖျားခြင်းခံရမည့်သူများဖြစ်သည်။ အကြောင်းမှာ သူက သူတို့ကိုလှည့်ဖျားခြင်းကြောင့်ဖြစ်သည်။ အုပ်စုတစုသာ ကျန်၍ လှည့်ဖျားခြင်းမခံရသော အုပ်စုဖြစ်ပါသည်။ထိုအုပ်စုမှာ သူတို့အမည် အသက်စာ စောင်ထဲမှာ ရှိ၍ ကမ္ဘာဦးအစမှ ရှိခဲ့သော အုပ်စုဖြစ်ပါသည်။သိပ်မကြာမှီမှာ ထိုအကြောင်းလေ့လာကြပါမည်။

42 ၄၂။ မိန်းမ၊အသင်းတော်၊ သူမသည် နက်နဲသော ဘာဘုလုန်ဖြစ်ပါသည်။ နိရောဒိမ်အားဖြင့် ထွက်ပေါ်လာကြောင်းကျွန်ုပ်တို့တွေ့ရပါသည်။ နိရောဒိမ်အားဖြင့် ထွက်ပေါ်လာကြောင်း ကျွန်ုပ်တို့တွေ့ရပါသည်။နိရောဒိမ်၏ ရည်ရွယ်ချက်မှာ ဘာဖြစ်သလဲ?နိရောဒိမ် (Nimrod) ကမြို့တော်ကြီးတခုတည်ဆောက်ပြီးအခြားမြို့များအားလုံးကို ထိုမြို့အားဆတ်ကြေးပေးရန် တာဝန်ပေးပါသည်။ ယနေ့ထိုအရာမျိုးကျွန်တော်တို့တွေ့မြင်နိုင်ပါသလား? ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းအပေါ်မှာအုပ်စိုးသြဇာသက်ရောက်သော အသင်းတော်ရှိပါသလား။ ရှိပါတယ်။ ယနေ့နိုင်ငံတနိုင်ငံ ကရင်းကိုဆက်ကြေးပေးရန်နေရာရှိပါသလား။?နေရာရှိပါသလား။? ဆက်ပြီးဤကျမ်းချက်များကိုဖတ်ကြပါစို့။ အနည်းငယ်ဘာဖြစ်ပါသည်။ သို့မှသာ တခုလုံးကို သင်တွေ့ရပါမည်။

... ဖြစ်ဖူး၍၊ ဖြစ်လဲမရှိ၊ ဖြစ်လတံ့သော ဤအရာ၌ပညာနှင့် ပြည့်စုံသော ဉာဏ်ရှိ၏။ ပညာသည် ဝိညာဉ်ဆုကျေးဇူး များထဲမှာ တခုအပါအဝင်ဖြစ်ကြောင်းဘယ်နှစ်ယောက်သိပါသလဲ? သူမည်သို့သော အုပ်စုမျိုးကို စကားပြောနေပါသလဲ။? သူသည် အသင်းတော်ထဲမှာ လှုပ်ရှားနေသော ဝိညာဉ်တော်ဆုကျေးဇူးများရရှိထားသူလူစုကို စကားပြောနေခြင်းဖြစ် ပါသည်။

... ပညာနှင့် ပြည့်စုံသော ဉာဏ်ရှိ၏။

43 ၄၃။ ဤအသင်းတော်ခေတ်ကာလတလျှောက်လုံးမှာ ဆွဲထုတ်လိုက်ပါက နောက်ဆုံးသောနေ့ရက်များမှာ ထိုဝိညာဉ်ဆုကျေးဇူးများမည်သို့လှုပ်ရှားမည်အကြောင်းပင်ဖြစ်ပါသည်။ အနာရောဂါငြိမ်းခြင်းဆုကျေးဇူးမည်သို့ အလုပ်လုပ်နေသည်ကိုတွေ့ရပါသည်။ ကောင်းပါသည်။ ညီအစ်ကိုများတခြား ဆုကျေးဇူးများလည်းရှိပါသည်။ အဲဒါကတော့ သူတို့ထဲကတခုသာဖြစ်ပါတယ်။ အသေးအဖွဲ့ကိစ္စလေးပါဖြစ်ပါတယ်။ ဒီနေရာမှာ ဒါထက်မက ကြီးမားတဲ့ ဆုကျေးဇူးရှိပါသေးတယ်။ အကောင်းဆုံးဖြစ်၍ သန့်ရှင်းသော ဝိညာဉ်တော် ဆုကျေးဇူးဖြစ်တဲ့ ဉာဏ် ပညာကို ဘုရားနှုတ်ကပတ်တော်ထဲမှာထည့်ရပါမယ်။ ကျွန်တော်တို့ဘယ်နေရာမှာ ရပ်တည်နေလဲဆိုတာပြရပါမယ်။ သို့မှသာ တစုံတယောက်အနာရောဂါငြိမ်းသွားမှာဖြစ်ပါတယ်။ မဟုတ်လား? ကျွန်တော်တို့အားလုံး ကျန်းမာလိုပါတယ်။ သို့သော် ကျွန်တော်က ဝိညာဉ်ကျန်းမာချင်ပါတယ်။ ကိုယ်ခန္ဓာ ကျန်းမာချင်ပါတယ်။ ပတ်ပုကျွန်းပေါ်က ယောဟန်သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်ပြောနေသည်ကိုကြားနာပါ။ ကျွန်ုပ်၏ခန္ဓာကိုယ်ဘယ်အချိန်မဆို ကျန်းမာနေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က ယောဟန်အားဖြင့် ပတ်ကျွန်းပေါ်မှာ စကားပြောသံကြားရပါ သည်။ "ဉာဏ်ပညာ ဤမှာရှိသည်။ သူအား ဤအရာကို နားထောင်စေပါ။" ယခု ကျွန်တော်တို့ပုံဆွဲကြပါမည်။

44 ၄၄။ ပညာနှင့်ပြည်စုံသောဉာဏ်ရှိ၏ ခေါင်းခုနစ်လုံးမှာ တောင်တန်းခုနစ်တန်းဖြစ်ပါသည်။ မိန်းမထိုင်သော တောင်တန်းဖြစ်သည်။ ကမ္ဘာပေါ်မှာ မြို့ကြီး တမြို့တည်းသာ ရှိပါသည်။ တောင်တန်းခုနစ်တန်း (သို့) ထိုထက်ပို၍များသော တောင်တန်များ ရှိသည့် မြို့ကြီးနှစ်မြို့ကို ကျွန်တော်သိပါသည်း။ တမြို့မှာ စင်စီနတ်တီမြို့ဖြစ်ပါသည်။ စင်စီနတ်တီမှာ ပုံပြင်ရှိ၍ မြေခွေးအကြောင်းဖြစ်သည်ကို သင်တို့သိကြပါသည်။ သို့သော် သမ္မာကျမ်းစာထဲမှာ ထိုထက် မက ပိုပါသည်။ ဘယ်အသင်းတော်မှ စင်စီနတ်တီမြို့ကိုမအုပ်ချုပ်ပါ။ တကမ္ဘာလုံးမှာ တနေရာထဲရှိ၍ အသင်းတော်တိုင် နေသော တောင်တန်းခုနစ်တန်းရှိသောမြို့ကတကမ္ဘာလုံးကို သြဇာသက်ရောက်ပါသည်။ ထိုအရာအားလုံးကို ကျွန်တော် လေ့လာပြီး ဖြစ်၍ ပညာရှိ၏ဉာဏ်ရှိသောသူသည် သားရဲ၏ အရေအတွက်ကို ရေတွက်စေ။ လူ၏ အရေအတွက် ဖြစ်၏၊ ခြောက်ရာခြောက်ဆယ့်ခြောက်လည်း ဖြစ်၏။ (ဗျာဒိတ် ၁၃)

45 ၄၅။ ရောမမြို့မှာရှိသော ပုပ်ရဟန်းမင်းကြီး၏ ပလ္လင်ပေါ်မှာ ရေးသားထားချက်ကို ကျွန်တော် ရုံဖန်ရံခါ ကြားခဲ့ဘူးပါသည်။Vicarius Filii Dei ဖြစ်ပါသည်။ မှန်ကန်မှုရှိမရှိ ကျွန်တော် တွေဝေခဲ့ဘူးပါသည်။ လိုင်းကွဲ၍ ရောမ အက္ခရာများဖြင့် ပုံများဆွဲပါ။တကယ့်အမှန်တရားအတိုင်း ပင်ဖြစ်လာပါသည်။ ဖန်ပေါင်းချောင်ထဲထည့်ထားသော ပုပ်၏ သုံးမြောင့်သရဖူအနားမှာကျွန်တော် ရပ်နေပါသည်။ ငရဲနှင့် ငရဲလေး၏ တရားစီရင်ရေး အဖွဲ့ဖြစ်ပါသည်။ ထိုအရာများမှာ—ကျွန်တော်ထိုနေရာမှ လာပါသည်။ ရောမမှ လာပါသည်။ သမ္မာတရားဖြစ်ကြောင်း သိပါသည်။ ပုံဖါလာပုံကိုလည်းကျွန်တော်တို့သိရပါသည်။

ရှင်ဘုရင် ခုနစ်ပါးလည်းဖြစ်၏။ ငါးပါးကျပြီ[ထိုအချိန်ကဖြစ်သည်] တစ်ပါးရှိသေး၏။ [ဟေရုဒ်မင်း ဖြစ်၍ ကောက်ကျစ်သူဖြစ်သည်] ... မည်မျှ မှန်ကန်သည်ကို ကြည့်ပါဦး။ .... ဖြစ်သောအခါ တစ်ခဏသာ တည်လိမ့်မည်။

ဟေရုဒ်မင်းဘယ်လောက်ကြာကြာ အုပ်စိုးခဲ့ကြောင်းသိတဲ့လူရှိပါသလား။? ခြောက်လသားဖြစ်ပါသည်။ မိခင်ကို လမ်းထဲမှာမြင်းဖြင့် ဆွဲသည်။ မြို့တော်ကို မီးရှို့ပြီး ခရစ်ယာန်များကို အပြစ်ပုံချသည်။ မြို့တော်ကိုမီးရှို့နေစဉ် တောင်စောင်းမှာစောင်းတီးနေသူ ဖြစ်သည်။ ခြောက်လသာ ဖြစ်သည်။ "သားရဲ..."ဖြစ်သည်။ သူသည် အလွန်ဆိုးဝါး သူဖြစ်ပါသည်။

46 ၄၆။ ဖြစ်ဖူး၍ဖြစ်ဆဲမရှိသော သားရဲသည် ရှစ်ပါးမြောက် သော ရှင်ဘုရင်ဖြစ်၏။ ခုနစ်ပါး အဝင်လည်းဖြစ်၏။[သတ္တမမြောက်၏ သဘောသဘာဝ ဖြစ်သည်] ဖျက်ဆီးခြင်းသို့ရောက်ရလိမ့်မည်။

ဖျက်ဆီးခြင်း အကြောင်း လူတိုင်းသိပါသည်။"ငရဲ" ဖြစ်သည်။ သူဘယ်တွက်လာသလဲကြည့်ပါ။ ငရဲက ထွက်လာခြင်းဖြစ်သည်။အဲဒါ

ဘာလဲ? အခံမရှိသော တွင်းဖြစ်သည်။ ကတ်သလစ်အယူဝါဒ တွက် ဘာအခြေခံ အုတ်မြစ်မှမရှိပါ။ ကတ်သလစ် အယူဝါဒ အတွက် ဘာသမ္မာကျမ်းစာမှ မရှိပါ။ ကတ်သလစ်အယူဝါဒ အတွက် ဘာသမ္မာကျမ်းစာမှမရှိပါ။ လုံးဝမရှိပါ။ ရှိသည်ဟုလည်း သူတို့ မကြေငြာပါ။ Sacked Heart ဘုရား ကျောင်းမှ ဘုန်းကြီးငယ်ကလေးကပြောပါသည်။ သူ့ကို ကျွန်တော်ကမေရီအဲလစ်ကဘယ် ဖရေတီယာ ကလေးကို ဗတ္တိဇံအကြောင်းပြော ပြပါသည်။ သူက “သင်သည် ရှေးကနဦးကတ်သလစ်အသင်းတော်က ဗတ္တိဇံပေးတဲ့အတိုင်းပေးပါ” ဟုဆိုသည်။

“ဘယ်တုန်းကလဲ?”

“ခင်ဗျားတို့သည်သမ္မာကျမ်းစာထဲမှာ ပါတယ်။”

“ကတ်သလစ် အသင်းတော်ကအဲဒီလို ဗတ္တိဇံပေးခဲ့သလား။?အဲဒါ ကတ်သလစ်အသင်းတော်ရဲ့သွန်သင်ချက်လား?”

“ဟုတ်တယ်။”

“ကတ်သလစ်အသင်းတော်ရဲ့အမှားအယွင်းမရှိမှုထဲမှာ အများကြီးပြောင်းလဲသွားပါပြီ?”

“ခင်ဗျားတို့အာလုံးကျမ်းစာကို ယုံကြည်ကြပါတယ်။ ကျွန်တော်တို့ကတော့ အသင်းတော်ကို ယုံကြည်တယ်။” သမ္မာ ကျမ်းစာ ပြောတာကို ဂရုမစိုက်ဘူး။ အသင်းတော်ပြောတာကိုဘဲဂရုစိုက်တယ်။ ဟုသူကပြောပါသည်။ အဖြစ်မှန်ကို သေချာစွာ ဖော်ပြလိုက်သောအခါ တွေ့ရပါသည်။တခါလောက် စမ်းကြည့်ပါ။ သမ္မာကျမ်းစာ စာဆိုထားသည့် အရာကို သူတို့ ဂရုမစိုက်ကြပါ။ သူတို့အတွက်ဘာမှ မဟုတ်ပါ။ အသင်းတော် ပြောသည့် အရာသာ အဓိက ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့က အသင်းတော်ဘာပြောသည်ကို ဂရုမစိုက်ကြပါ။ ဘုရားကပြောသည့်ကိုသာ ကျွန်တော်တို့ယုံကြည် ပါသည်။ သမ္မာကျမ်းစာထဲမှာရေးသားထားပါသည်။
“လူတိုင်းပြောဆိုချက်မှာလိမ်ညာမှုဖြစ်၍၊ ငါ့စကား သာ အမှန်ဖြစ်သည်။”ထို့ကြောင့် ကျွန်တော်တို့သည် ဂိုဏ်းဂဏများ မဟုတ်ကြပါ။

47 ၄၇။ ယခုကြည့်ပါ။ တစ်မိနစ်ခန့် နားထောင်ပါ။ ရှင်ဘုရင်ငါးပါးကျပြီ။ သမိုင်းကိုပြန်၍ လေ့လာလိုပါကခင်ဗျားတို့ကို ကျွန်တော် ပြပါမည်။ “တပါးရှိသေး၏” တပါးဖြစ်လေဦးမည်။ သားရဲကိုကြည့်ပါ။ သားရဲမှာဘုရင်မဟုတ်ပါ။ ဖြစ်ဘူး၍ ဖြစ်ဆဲမရှိသော သူသည် ရှိသော သူတဦး ဖြစ်၏။ မရှိလည်းမရှိပါ။ သူသည်ဖြစ်၏။သူမဟုတ်ပါ။ သူဖြစ်၏။ သူမဟုတ်ပါ။ အဲဒါဘာလဲ?ပုပ်များ၏ အစဉ်အဆက်ဖြစ်သည်။ အာဏာဖြစ် သည်။ သားရဲ အုပ်စိုးမှုဖြစ်သည်။ ထိုအချိန်မှာတပါးအမျိုးသား ရောမက ပြောင်းလဲ၍ ပုပ်ရောမဖြစ်လာခြင်းဖြစ်သည်။ ရုပ်တုကိုးကွယ်သော ရောမပြောင်းလဲသွားပြီးဘာသာရေး papauy ဖြစ်လာပါသည်။ဘုရင်အစား သူတို့မှာ ပုပ်ရှိလာပါသည်။ ပုပ်မှာ ဝိညာဉ်ရေးရာဘုရင် ဖြစ်ပါသည်။ ထိုအကြောင်းကြောင့်သူ့အား သရဖူဆောင်းစေသော ဝိညာဉ်ရေးရာ ဘုရင် ဖြစ်လာပါသည်။ ယေရှုခရစ်တော်၏ ဂိုဏ်းဂဏ ထောက်ကြားဟုမိမိ ကိုယ်မိမိ ကြွေးကြော် ပါသည်။

48 ၄၈။ ကတ်သလစ်အယူဝါဒကိုဖော်ထုတ်ပြီး ပရိုတက်စတင့် အသင်းတော်များထဲသို့မည်သို့ ရောက်သွားကြောင်းတင်ပြပါမည်။ပရိုတက်စတင့်အသင်းတော်ထဲမှာ ဆက်ရှိနေဆဲ ဖြစ်ပါသည်။ သမ္မာကျမ်းစာ နှင့် လုံးဝဆန့်ကျင်လျက်ရှိပါသည်။ လုံးဝဆန့်ကျင်ဖက်ဖြစ်နေပါသည်။ “ဖြစ်ဘူး၍ ဆဲမရှိသောသားရဲ” ဖြစ်ပါသည်။သူတို့အားလူးလှည့်ဖျားခံရပါမည်။ ကမ္ဘာဦးအစကတဲက အမည်မှတ်သားခြင်းမခံရသူများ လှည့်ဖျားခြင်းခံရပါမည်။

49 ၄၉။ ဖြစ်ဖူး၍ဆဲမရှိသော သားရဲသည် နှစ်ပါးမြောက် သော ရှင်ဘုရင်ဖြစ်၏။ ခုနစ်ပါး အဝင်လည်းဖြစ်၏ ဖျက်ဆီးခြင်းသို့ရောက်ရလိမ့်မည်။ [အခန်းငယ် ၁၁] [သူသည် ဆက်လက်၍ သွားပြီး နောက်ဆုံးမှာ အခံမရှိသောတွင်းထဲသို့ကျ၍ လမ်းဆုံးသွားပါမည်။] ယခုမြင်သော ချိုဆယ်ချောင်းကား [တစုံတခုထူးခြားဖွယ်ကိုသင်မြင်တွေ့လိုပါက ဒါကိုကြည့်ပါ] မင်းအာဏာစက်ကို မရသေးသော ရှင်ဘုရင် ဆယ်ပါးဖြစ်၏။ ရှင်ဘုရင်၏အာဏာ စက်ကို သားရဲနှင့် အတူ တချက်တည်း ရကြလိမ့်မည်။

သူတို့သည် သရဖူဆောင်းထားသော ဘုရင်များမဟုတ်ပါ။အာဏာရှင်များဖြစ်ပါသည်။ ဘုရင်အဖြစ် သရဖူမဆောင်းရသောလည်း ဘုရင်များ ကဲ့သို့ တန်ခိုးအာဏာရပါသည်။သားရဲနှင့် အတူ တချက်တည်း ရကြမည်။

50 ၅၀။ ထိုသူတို့သည်သဘောတူ၍ မိမိတို့တန်ခိုး အာဏာစက်ကို သားရဲ၌ အပ်ပေးကြလိမ့်မည်။

သူတို့သည် သိုးသူငယ်ကို စစ်တိုက်၍ သိုးသူငယ်သည်နိုင်တော်မူမည်။ [ဘုန်းကြီးပါစေ] အကြောင်းမူကားသိုးသူငယ် သည် သခင်တို့၏ သခင်၊ ဘုရင်တို့၏ဘုရင်ဖြစ်တော်မူ၏။ ကိုယ်တော်နှင့်အတူရှိသော သူတို့သည်လည်း ခေါ်တော်မူ သောသူ ရွေးချယ်တော်မူသောသူ၊ သစ္စာရှိသော သူဖြစ်ကြ၏။

ထို့အကြောင်းနှင့် ပတ်သတ်သည့် တရားဟောချက်ကိုချက်ချင်းပင် ဟောလိုပါသည်။ ကမ္ဘာဦးမတည်မရှိမှီကတည်း ကပင် ရွေးချယ်ခြင်းခံရ၍၊ ခေါ်တော်မူသောသူ၊ရွေးချယ်တော်မူသော သူဖြစ်ပါသည်။ ဟာလေလုယာ၊ သူတို့ကို ခေါ်တော်မူသောသူ၊ ရွေးချယ်တော်မူသောသူဟုခေါ်ကြပါသည်။ စာကြောင်းအဆက်ဖြစ်ပါသည်။ “ရွေးချယ်တော်မူသောသူ၊ သစ္စာရှိသောသူဖြစ်ပါသည်။”သူ့ကို အနိုင်ရကြပါမည်။ သူတို့မည်မျှပင် ကြီးမြတ်ပါစေ၊ အနိုင်ယူခံရပါမည်။

51 ၅၁။ ယနေ့ကျွန်တော်တို့အလွန်ကြီးမားသော ကွန်မြူနစ်ဝါဒကို စိတ်ပူစရာမလိုပါ။ ဘုရားလက်တော်ထဲမှာလုပ်ကိုင်နေသော အလုပ်ပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာအားဖြင့် သက်သေပြနိုင်ပါသည်။ သူသတ်ဖြတ်ခဲ့သောမာတုရ အတွက် ပြန်ခံရပါမည်။ ဤဘုရင်များအားလုံး သဘော တူညီ၍ သူမကို မုန်းကြမည်။ တနိုင်ငံလုံး။တကမ္ဘာလုံး ကွန်မြူနစ်ဝါဒ လွှမ်းမိုးသွားပါသည်။ ဘုရားသခင်၏ လုပ်ရှားမှုဖြစ်၍ ပစ်ဒဏ်စီရင်ရန်ပင်ဖြစ်ပါသည်။ သင်ကပြောပါမည်။ “ဘရာသာ ဗရမ်ဟမ်ခဏနေပါအုံး၊ ကွန်မြူနစ်ဝါဒက ဘုရားရှင်ရဲ့လှုပ်ရှားမှုလား?”

အမှန်တကယ်ဘဲဖြစ်ပါတယ်။ဘုရား ရှင်ရဲလှုပ်ရှားမှုဖြစ်ပါတယ်။ သမ္မာကျမ်းစာကို ထားပါတယ်။ ဘုရားမဲ့တွေအပေါ်မှာတရားစီရင်ဖို့ လှုပ်ရှားခြင်းဖြစ်ပါ၏။ တရားမဝင် အမင်္ဂလာလူများကို တရားစီရင်ခြင်းဖြစ်ပါသည်။ဒီကမ္ဘာပေါ်မှာဘာကျန်သေးလဲ? ကျွန်တော်တို့မှာဘာရှိသလဲ?

52 ၅၂။ တနေ့က(ကျွန်တော် ခဏတော့ အကြောင်းအရာတခုကို ဖြတ်ပြီးပြောပါရစေ) ကျမ်းစာထဲမှာ တရား မဝင် ကလေးတွဟာကိုယ်တော်ရှင်ရဲ့အသင်းသားတွေထဲကို ဆွေစဉ်မျိုးဆက်ဆယ့်လေးဆက်လောက် မဝင်ရလို့ ကျမ်းစာဆိုထားတာကိုတွေ့ရပါတယ်။ ဘယ်နှစ်ယောက် သိပါသလဲ။?တရားဟောရာကျမ်း (၂၃) ဖြစ်ပါတယ်။ တရားမဝင် ကလေးဖြစ်ပါတယ်။ မိန်းမတဦးကို ယောကျာ်းကအနိုင်ယူပါက အတူသူသေဆုံးသည် အထိနေထိုင်ရပါမည်။ ဤမိန်းမက သူ့ကို လက်ထက်ပြီး သူမကိုယ်သူမအပျိုကညာဟန်ဆောင်ပါက သူမကို လက်မခံရပါမည်။ လက်ထက်ပြီး ယောကျာ်းနှင့် မိန်းမက တရားမဝင်ကလေးရရှိပါကဘုရားသခင်၏ ပရိတ်သတ်ထဲသို့ဆွေစဉ်မျိုးဆက်ဆယ့်လေးဆယ့် ဝင်ခွင့်မရပါ။ အနှစ်လေးဆယ်မှာမျိုးဆက်တစ်ဆက်ဖြစ်ပါသည်။ နှစ်ပေါင်းလေးရာခန့် ထိုမျိုးစေ့မှာ ဣသရေလ၏ ပြင်ပမှာ ထွက်နေရပါမည်။

53 ၅၃။ ဘုရားသခင်အပြစ်ကို မုန်းပါသည်။ သခင်ယေရှု၏ သန့်ရှင်းသော အသွေးတော်ကို သင်မည်သို့လက်ခံပါသနည်း? ဂိုဏ်းဂဏတခုထဲမှာ သင်ပါဝင်၍ ဝင်သွားမည်ဟုမျှော်လင့်ပါသည်။ သင်သည် ဘုရားသခင်၏ သတ်မှတ်ချက်အတိုင်းသွားမည်လော (သို့) လုံးဝမလာဘဲနေပါမည်လား? သင်းထောက်တရားဟောဆရာ၊ဘာ ဘဲဖြစ်ဖြစ်၊ ဘာမှမလုပ်နိုင်ပါ။ ဘုရားသခင်၏ စကားအတိုင်းဖြစ်ရပါမည်။ မျိုးဆက်တဆယ့်လေးဆယ့်ဖြစ်ပါသည်။ထိုပုဂ္ဂိုလ်က ယခု ထိုင်နေပါသည်။ ကျွန်ုပ်နှင့် အတူဆွေးနွေးနေပါသည်။ “ဒါဆိုရင် ဘယ်သူကယ်တင်ခြင်း ရမယ်ဆိုတာ သိနိုင်မှာလဲ?” “ခင်ဗျားက ကယ်လ်ဗင်ဝါဒကိုလက်ခံတဲ့ လူကောင်းတဦးဖြစ်ရပါမယ်။”ကမ္ဘာဦးမစမီကတဲက သင့်အ မည်မှာ စာအုပ်ထဲမှာ ရှိနေပါသည်။ “အဲဒီမှာ ဘာရှိ....”

54 ၅၄။ နားထောင်ပါ။ယနေ့သင်တို့လူငယ်များ ခင်များတို့ဒီဘုရားကျောင်းလာသလား။ (သို့) ဘယ်ကလာ သလဲ။ လူငယ်ယောကျာ်းလေး၊ မိန်းခလေးများ၊ သင်တို့လုပ်သည့်အရာများကို သင်တို့သိပါလား။ နောက်ထပ် မျိုးဆက်ရှိ ပါကသင့်ကလေးများမှာ သင်လုပ်သည့် အရာကြောင့် တရားစီရင်ခြင်းခံရပါမည်။? သင်တို့မှာ လေးစားမှု (သို့) နူးညံ့သိမ်မွေ့ခြင်းမရှိပါသလား။? မိန်းကလေးများအပြင်ဖက်မှာတိုတိုကလေးများဝတ်ပြီး ပြင်ပရောက်နေပါသည်။ သင်တို့သမီးများ ၏ ပုံရိပ်ကို ရောင်ပြန်ဟပ်စေပါသည်မဟုတ်ပါလား? သင်တို့အဖွားကခေတ်ဆန်ဆန်၊ သင်တို့အမေက သီချင်းသည်။ ထိုအကြောင်းကြောင့် သင်တို့အဖေါ်အချွတ်များနေပါသလား။? တကယ်ဘဲဖြစ်သည် သင်တို့ကလေးများဘာဖြစ် မည်နည်း? ဟုတ်ပါတယ်။ ဘုရားသခင်ကသူသည်မိဘများ၏ ဒုစရိုက်ကို သူက ယူလိုက်ပြီး သားသမီးများ အပေါ်တင်လိုက်၍ မျိုးဆက်တဆက်ပြီးတဆက်တင်လိုက်သည် ဟုဆိုပါသည်။

55 ၅၅။ ကျွန်ုပ်တို့ညီအစ်ကို၊သင်သိပါသလား? အချိန်တိုင်းမှာသင့်ကအမှန်ကို လုပ်ပါသည်။ သင့်ကလေးများ အပေါ် သက်ရောက်ပါမည်။ ဒီမှာကြည့်ပါ။ ဟေဗြဲအခန်းကြီး(၇)ကိုကြည့်ပါ။ သမ္မာကျမ်းစာဆိုထားပါသည်။ မေလခိဇေဒက် က အာဗြဟံနှင့် တွေ့ဆုံပြီး ရှင်ဘုရင်ကိုသတ်ခြင်းမှပြန် လာသောအခါ သူ့ကို ကောင်းချီးပေး၍ ပြောဆိုပါသည်။ “ယခုလေဝိက ဆယ်ဖို့တဖို့ပေးခြင်းအကြောင်း ပြောဆိုနေပါသည်။လေဝိမှာ ကိုယ်တော်ရှင်ထံမှ အမိန့်ရ၍ သူ၏ ညီ အစ်ကိုများထံမှ ဆယ်ဖို့တဖို့ကို လက်ခံရန်ဖြစ်လာပါသည်။ လေဝိမှာ ဆယ်ဖို့တဖို့လက်ခံရရှိပြီး ဆယ်ဖို့တဖို့ပေးပါသည်။ သူက အာဗြဟံ၏ရင်ခွင်မှာရှိသည်။ မေလခိဇေဒက်ကိုတွေ့စဉ်အခါမှာ ဖြစ်သည်။” အာဗြဟံသည် သူ၏ အဘိုးဖြစ်သည်။ အာဗြဟံက ဣဇက်ကို မွေးသည်။ ဣဇတ်ကယာကုပ်ကို မွေးသည်။ ယာကုပ်က လေဝိကို မွေးပါသည်။ ဖခင်၊ အဖိုး၊ အဘိုးဖြစ်သည်။ လေဝိမှာဖခင်၊ အဖိုး၊ အဘိုး၊ အဘေး တို့ဖြစ်ပါသည်။ လေဝိမှာ အာဗြဟံ၏ ရင်ခွင်တွင် ရှိစဉ်မှာ သမ္မာကျမ်းစာဆိုသည့်အတိုင်းမေလခိဇေဒက်ကို သူက ဆယ်ဖို့တဖို့ ပေးပါသည်။ ဟာလေလုယာ။

ကမ္ဘာပေါ်ရှိ်မည်သည့် အရာမျိုး်၏ လှုပ်ရှားမှုမဆိုဘုရားသခင်၏ ကြီးမားသော အကြံအစည်ကို မနှောက်ယှက်စေပါနှင့်။ အစအဦးမှာ ထိုနေရာတွင် စီစဉ်ခဲ့ပြီးဖြစ်ပါသည်။ကိုယ်တော်ရှင်၏ အစီအစဉ်ကို နတ်ဆိုးများကမနှောက်ယှက်နိုင်ပါ(သို့)နှောက်ယှက်မည့် နတ်ဆိုး အလုံအလောက်လဲ မရှိပါ။

56 ၅၆။ သမ္မာကျမ်းစာက“သူဆယ်ဖို့တဖို့ပေးသည်” ဟုဆိုပါသည်။ သူသည် အဖိုး်ဖြစ်သူ၏ ရင်ခွင်ထဲမှာကတည်းက ဖြစ်သည်။ ဘုန်းကြီးပါစေ။ ကျွန်ုပ်၏ သခင်ဖြစ်သည်။ ကမ္ဘာလောကကြီးကို မဖန်ဆင်းမီကတဲကသူသိနေပါသည်။ သူအရာခပ်သိမ်းကို သိမြင်တော်မူပါသည်။ အာဗြဟံ ဘယ်မှာ သူက ဆယ့်ဖို့တဖို့ပေးပါသည်။

ညီအစ်ကိုမောင်နှမတို့သင်တို့အထဲက မည်သို့ထွက်နိုင်ပါမည်နည်း? သူဇနီးနှင့်၎င်း သူခင်ပွန်းနှင့်၎င်း နေထိုင်၍အိမ် ထောင်ကွဲပြီး သင်နေထိုင် ချင်သလိုနေထိုင်ဖို့မလိုပါ။ နောက်ထပ်မျိုးရိုးတခု ထံမှသင်ဘာကိုမျှော်လင့်ပါသလဲ။? ဘာလဲဆိုတာ ဒီမှာရှိပါတယ်။ ဘာမှဖြစ်လာမည် မဟုတ်ဘဲ တရားမဝင်ကလေးများ မွေးဖွားလာမည်။ ဇာရိတ္တပျက်စီး နေသောရှုတ်ထွေးနေသည့် မွေးဖွားလာခြင်းမျိုးဖြစ်သည် ၎င်းအတွက် တခုတည်းသာ ကျန်ပါသည်။ ကျွန်တော်တို့နေထိုင်သော အဏုမြူခေတ်ဖြစ်ပါသည်။ အတိအကျ မှန်ကန်ပါသည်။ ကျွန်တော်တို့နောက်ဆုံးအချိန်ကိုရောက်နေပါပြီ။

57 ၅၇။ ဒီမနက်ကင်တကီတောင်ကုန်းတဖက်အဝေးမှာ ထိုင်နေ၍ လူငယ်ကလေးတဦးမှာ ကျောက်ကြောလုပ်သည်။ ဘယ်ဖက် ညာဖက်မှန်းပင်မသိသော လူကလေးတဦးဖြစ်ပါသည်။ .... ကျွန်တော်က မြေပြန့်မှာဖြစ်သည်။ ဘယ်နေရာမှန်းမသိပါ။ အနိမ့်ပိုင်းနေရာများတွင် ဖြစ်ပါမည်။ ရှဉ့်ဖမ်းရန် ကျွန်တော် တက်သွားခြင်းဖြစ်သည်။တောင်ပေါ်မှာ သူနှင့် ထိုင်၍ စကားပြောနေမိပါသည်။ ထိုလူငယ်ကလေးက စစ်ထဲဝင်မည်ဟုပြောပါသည်။ကိုယ်တော်ရှင် အကြောင်း ပြောကြပါသည်။ တရားဟောဆရာ၊ ကျွန်တော်တို့နောက်ဆုံးသော ကာလကိုရောက်နေကြောင်း ခင်ဗျားယုံသလား။?ဟိုအပေါ်ဖက်မှာ တောင်ကုန်းတွေ ပေါ်မှာဖြစ်တယ်။

ကျွန်တော်က “သေချာတယ် သားရဲ့။ သေချာတယ်။ ငါတို့နောက်ဆုံးသောအချိန်ကို ရောက်နေပါပြီ။”

58 ၅၈။ ကျွန်တော်တို့အသက်ရှင်နေထိုင်ရသော အချိန်နာရီပင်ဖြစ်ပါသည်။ ကျွန်တော်တို့ထိုနေရာမှာ ရောက်နေပါ သည်။မိခင်၊ ဖခင်များ ကို သင်မတွေ့ဘူးလား?သူတို့ဘယ်လို အသက်ရှင်နေထိုင်ပါသလဲ?အဖိုး အဖွားများ မဟုတ်ဘူး လား။? သင့်မိခင်၊ ဖခင်မှာ မည်သို့နေထိုင်ခဲ့သည်ကိုသင်မမြင်ဘူးမဟုတ်လား။? ယနေ့ကျွန်တော်တို့မှာပျက်စီးခြင်းထဲ ရောက်နေသည်မှာ အံ့သြဖွယ်မဟုတ်ပါ။ သင်မည်မျှပင် ခေါင်းကျွတ်ထွက် သွားမတတ်တရားဟောသော်လည်း သူ တို့ ဘောင်းဘီတိုကလေးများသာ ဝတ်နေကြပါမည်။ သင့်မျက်နှာကို တံတွေးနှင့်ထွေးမည်။ သူတို့စီး ကရက်သောက်ပြီး သင့်မျက်နှာတည့်တည့်ကို မီးခိုးမှုတ်ထုတ်ပြီး။ “ကိုယ့်ကိစ္စဘဲကိုယ် ဂရုစိုက်ပါ” ဟုပြောပါမည်။ ဘာကြောင့်လဲ? အကြောင်းမှာ သူတို့ထွက်လာသော မျိုးနွယ်ဖြစ်သောကြောင့်ဖြစ်ပါသည်။ကျွန်တော်က တိုက်ရိုက် လုပ်ပါမည်။ “မြွေ၏ မျိုးစေ့” စာအုပ်ထဲမှာ သူမဘယ်လို လှုပ်ရှားသွားကြောင်းကျွန်တော်တို့တွေ့ရပါမည်။ ဘယ်နေရာမှာ သူမဝင်လာ ကြောင်းကျွန်တော်တို့ရှာဖွေရပါမည်။ဘာကြောင့် ထိုသို့ပြု ကြောင်း ရှာဖွေရမည်။ သူတို့သည် နတ်ဆိုးများ၏ သားသမီးများဖြစ်၍ကမ္ဘာဦးအစကတဲက ဖြစ်ပါသည်။ မှန်ပါသည်။ ကျွန်တော်တို့အတွက် ဘာမှ မကျန်တော့ပါ။ သို့သော်တရားစီရင်ခြင်းသာ တခုတည်းကျန်နေပါသည်။ ဘာမှမကျန်တော့ပါ။ တရားစီရင်ခြင်းသာ ကျန်ပါသည်။ဘုရားသခင်က ထိုနည်းအတိုင်းရည်ရွယ်ခြင်းမဟုတ်ပါ။ သို့သော် သူက ကမ္ဘာပေါ်မှာ အသက်ရှင်သူများအားလုံးကိုလှည့်ဖျားမည်ဟု ဆိုပါသည်။ သို့သော် ထိုနည်းအတိုင်း ဖြစ်မည်ကို သူသိပါသည်။ ထိုအကြောင်းကြောင့်သူက ကမ္ဘာပေါ်ရှိ လူအားလုံးကို လှည့်ဖျားမည်ဟု ဆိုပါသည်။ သိုးသူငယ်၏ အသက်စာစောင်တွင်အမည်ပါရှိ်သော သူမှတပါး အားလုံးလှည့်ဖျား ခံရပါမည်။

59 ၅၉။ ကြည့်ကြပါစို့။အနည်းငယ်ဆက်ဖတ်ပါ။ အငယ်(၂၁) ကိုရောက်ပြီလို့ကျွန်တော် ထင်ပါတယ်။ ဗျာဒိတ် ၁၇း၁၂-၁၆ကိုရေးပါ။

“ယခုမြင်သော ချို(၁၀)ချောင်းကားမင်းအာဏာစက်ကို မရသေးသော ရှင်ဘုရင် (၁၀)ပါးဖြစ်၏။ ရှင်ဘုရင်၏ အာဏာစက်ကို သားရဲနှင့်အတူတစ်ချက်တည်း ရကြလိမ့်မည်။

ထိုသူတို့သည် သဘောတူ၍ မိမိတို့တန်ခိုးအာဏာစက်ကိုသားရဲ၌ အပ်ပေးကြလိမ့်မည်။

သူတို့သည် သိုးသူငယ်ကို စစ်တိုက်၍ သိုးသူငယ်သည်နိုင်တော်မူမည်။ အကြောင်းမူကား သိုးသူငယ်သည် သခင်တို့၏သခင် ဘုရင်တို့၏ဘုရင် ဖြစ်တော်မူ၏။ကိုယ်တော်နှင့် အတူရှိသောသူတို့သည်လည်း ခေါ်တော်မူသောသူ၊ ရွေးချယ်တော်မူသောသူ၊ သစ္စာရှိသောသူဖြစ်ကြ၏။

ယခုမြင်သော ပြည့်တန်ဆာထိုင်သောရေကား အသီးသီးဘာသာစကားကို ပြောသောလူအမျိုးမျိုး အစုစု ဖြစ်သတည်း။

ယခုမြင်သော ချို(၁၀)ချောင်းနှင့် သားရဲသည်ပြည်တန်ဆာကို မုန်း၍ သူ၏ စည်းစိမ်ကို ဖျက်ဆီးလိမ့်မည်။ သူ၏အဝတ်တန်ဆာကို ချွတ်၍ သူ၏အသားကိုကိုက်စားလိမ့်မည်။“

60 ၆၀။ ဂျိုဆယ်ချောင်းမှာနိုင်ငံ ဆယ်နိုင်ငံဖြစ်ပါသည်။ အရာခပ်သိမ်းကျဆင်းနေ၍ ဤအာဏာရှင်များ ဘာလဲဆိုတာ ကြည့်ပါ။ အာဏာရှင်များ ဘာလုပ်သည်ကို ကြည့်ပါ။ ဘာကို အားကိုးနေသလဲကြည့်ပါ။ ကွန်မြူနစ်ဝါဒကို အားမကိုးသောအာဏာရှင်ကို ကျွန်တော် အားပြောပြပါ။ သူ တို့ ဘာဖြစ်မှာလဲ? ပြည့်တန်ဆာကို မုန်းကြပါသည်။ မိန်းမ၊ အသင်းတော်ဖြစ်ပါသည်။ သို့သော် ကြည့်ပါ။ ဘာဖြစ်မလဲ ကြည့်ပါ။ [စကားမရှင်းပါ] ... ပြည့်တန်ဆာကို မုန်း၍ သူ၏ စည်းစိမ်ကို ဖျက်ဆီးလိမ့်မည်။

61 ၆၁။ ထိုအရာကိုမြေပုံပေါ်မှ ပျောက်ကွယ်သွားစေရန် မှုတ်ထုတ်ပစ်ပါမည်။ ကျွန်တော် ဒီမှာ ရပ်နေသကဲ့သို့သေချာပါသည်။ ကျွန်တော်တို့ ထိုဘာသာရပ်ကို လေ့လာရန်အတွက် အချိန်ရှိပြီး ကျမ်းချက်များကိုလေ့လာကြပါမည်။ လောကီရှင်ဘုရင်များအားလုံးနှင့် ပင်လယ်ကုန်သည် အားလုံးငိုကြွေးမည်တမ်းကြလိမ့်မည်။တနာရီအတွင်း ပျက်စီးပါပြီ တကား။ ဟုငိုကြွေး၍ စိတ်မသာ ညည်းတွားကြလိမ့်မည်။ တစ်နာရီအတွင်းသူမ၏ အချိန်ရောက်လာပါပြီ။ သူဘာပြော လဲကြည့်ပါ။ “ကောင်းကင်မှုစ၍ သန့်ရှင်းသူတမန်တော်ပရာဖက်တို့သူကို ကြည့်ရှု၍ဝမ်းမြောက်ကြလော့။” ဘုရားသခင် သည်သင်တို့ဖက်၌ နေ၍ သူကို တရားစီရင်တော်မူပြီဟုပြောဆိုသည်ကို ငါကြား၏။ မှန်ပါသည်။ ကွန်မြူနစ်ဝါဒကဘုရား လက်ထဲသို့ ရောက်သွားပါပြီ။ နေဗုတ်ခဒ်နေဇာမင်း လက်ထဲရောက်သကဲ့သို့ဖြစ်ပါသည်။ယုဒများကို ဆောင်ယူ၍ သူတို့အဝတ်ချည်းစည်း အဝတ်မဲ့ လျှောက်သွားရပါသည်။

62 ၆၂။ အပြစ်မှာပျက်စီးစေတတ်ပါသည်။ ဖြောင့်မတ်သော မျိုးစေ့ထိုနေရာမှာ တည်မြဲနေနိုင်ပါသည်။ မျိုးစေ့ကပျက်စီးခြင်းကို ထိန်းထားနိုင်ပါသည်။ ပျက်စီးပြီးရင်းပျက်စီးနေပါမည်။ နောက်ဆုံးမှာ ပျက်စီးသွားပါသည်။အပြင်ရောက်သွားပါ သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ မိခင်၊ ဖခင်များ ကျွန်တော်တို့ရှေ့မှာအသက်ရှင်နေထိုင်ခဲ့ပါသည်။ ကျွန်တော်တို့အ တွက် ဘာမှ မကျန်တော့ပါ။ ယေရှုက ဘာပြောသလဲဆိုတာသိပါသလား။? အလုပ်ကို တိုတောင်းသွားရန်အဖြတ်တောက်ပါက ကယ်တင်ခြင်းရမည့် လူသားတဦးမှ ရှိတော့မည် မဟုတ်ပါ။

63 ၆၃။ ဘာကြောင့်လဲဆိုတာသင်သဘောပေါက်ပါသလား။? ကျွန်တော် ကောက်ချက်မချလိုပါ။အာဘာ ဂေါ်ဖရီနှင့် အားလုံးက ElvisPresleys ပုံစံများလုပ်ပြီး ဆံရှည်ထားပြီးဆယ်ကျော်သက်များ ထိုအတိုင်းပြုမူကြပါသည်။ — ဘာဖြစ်သလဲ? ဘာလဲ? အကြောင်းမှာရင်း သည် တရားမဝင် အသက်ရှင်မွေးဖွားလာကြသူများမှဆင်းသတ်လာသော ကြောင့်ဖြစ်ပါသည်။ ဘာတခုမှ မကျန်ပါ။ သူတို့မတ်တပ်ရပ်၍ သီချင်းဆိုကြပါမည်။

ကိုယ်တော်နှင့်နီးစေပါ။

ပဲကောက်သူများကဲ့သို့သူ တို့ဖြစ်ကြပါသည်။ ဓမ္မသီချင်း တစ်မျိုး သီဆို၍ထိုသို့ဖြစ်ကြပါသည်။

ဘုရားသာ ဘာလဲသိသလား??? သူတော်ကောင်းယောင်ဆောင်ခြင်းဖြစ်ပါသည်။ မှန်ပါသည်။

64 ၆၄။ လူတို့မှာတရားဟောပလ္လင်နှင့် ရောစ်အင်ရိုးအကများရောထွေနေခြင်းဖြင့် အလုပ်မဖြစ်ပါ။ သူမှာ နောက်ကွယ်တွင် လုပ်ငန်းတခုမှ မရှိပါ။ ဘုရားသခင်ရွေးချယ်သော ယဇ်ပရောဟိတ်အရာဖြစ်ပါသည်။ ဘုရားရွေးချယ်သောအမှုတော်ဆောင်များနောက်ကွယ်တွင်ရှိပါသည်။ ထိုသို့သော အရာနှင့် လုံးဝမပတ်သတ်ပါ။

ယနေ့ဖြစ်နေသည့် အရာပင်ဖြစ်ပါသည်။ အသင်းတော်ကိုတဲခိုခန်းကဲ့သို့ပြုလုပ်နေပါသည်။ လုပ်လိုပါက လုပ်နိုင်ပါသည်။ သို့သော် တဲခိုခန်းနှင့်အသင်းတော်မှာ ကွာခြားမှုရှိပါသည်။ တဲခိုခန်းထဲမှာ ပါတီပွဲရှိ၍ မျိုးစုံလုပ်နိုင်ပါသည်။သို့သော် ညီအစ်ကို အသင်းတော်များတရားဟော ပလ္လင်ပေါ်၌ စ၍ တောက်လျှောက်အောက်ခြေအထိရှင်းလင်းနေရပါမည်။မှန်ပါသည်။ ပြတင်းပေါက်အသစ်များဖြင့်လို့မဆိုလိုပါ။ ပုံစံအဟောင်းဖြင့်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ဘုရားရှင်စေလွှတ် သော နိုးကြားရေးတဖက်မှ တစ်ဖက်သို့ကူးစက်သွားပါသည်။ လျှပ်စစ်မီးထွန်းညှိထားသကဲ့သို့ဖြစ်သည်။ အလင်းများ မှာ ထွက်လာသောအခါ သူတို့အားလုံးပျံ့သွားကြပါသည်။

65 ၆၅။ "သူတို့မှာ တသဘောတည်း ဖြစ်၍ သူ တို့ ဘုန်းတန်ခိုးကို…." ထိုအကြောင်းကို ကျွန်တော်တို့ပြောနေပါသည်။ "ဂျိုဆယ်ချောင်း" ဖြစ်သည်။ ဘုရားသခင်က သူတို့နှလုံးသားများထဲသို့သူ၏ အလိုကိုထည့်သွင်းထားပါသည်။ သားရဲလက်သို့နိုင်ငံတော်ကို အပ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ပြည့်စုံစေရန်ဖြစ်သည်။

ထိုမိန်းမမှာ မြို့တော်ကြီးဖြစ်၍ လောကီဘုရင်များကိုအစိုးရသော သူဖြစ်သည်။ ဘာမှတိုက်တွန်းနေစရာမလိုပါ။ ထိုအရာမှာ ကတ်သလစ် အချုပ်အချာ ဘာသာရေးပင်ဖြစ်ကြောင်းကျွန်တော်တို့သိပါသည်။ဘယ်သူမှ မလိုပါ… သန့်ရှင်း သောဝိညာဉ်တော်ရသကဲ့သို့ပင် ကျွန်တော်ခိုင်မာစွာယုံကြည်ပါသည်။ ခရစ်ယာန်တဦးဖြစ်ပြီး ယနေ့ရပ်နေ၍ ထိုအရာမှာ တော့ ကတ်သလစ်ဘာသာပင်ဖြစ်သည်…. ဗာတီကန်မြို့တော်မှာ တောင်တန်းခုနစ်တန်း အပေါ်မှာ တည်ရှိ နေပါသည်။အသင်းတော်၏ အာဏာပိုင်မှာ သားရဲဖြစ်၍ ရှိခဲ့ပြီး ယခု မရှိသောသူဖြစ်ပါသည်။ သူမသည် ဘာဘုရလုံဖြစ်သည်။အားလုံး ကို အတိအကျပုံဖော်ထားပါသည်။ ပြည့်စုံပါသည်။ ကျမ်းစာတောက်လျှောက်ဖြစ်သည်။ ကက်သလစ်အသင်းတော်ပင် ဖြစ်ပါသည်။

66 ၆၆။ သင်တို့ချောက်ချားသွားရမည့်အချက်ဖြစ်ပါသည်။ "ဘရာသာဗရမ်ဟမ်ခင်ဗျားကျွန်တော်ကို တော့ မသိပါဘူး"ခင်ဗျားကို ကျွန်တော် တခုမေးပါရစေ။ အခန်းငယ် (၅)ကိုပြန်ဖက်ကြည့်ကြပါစို့။

သူမဦးခေါင်းပေါ်မှာ …. ရေးသားထားသည်မှာ "နက်နဲရာဘာဘုလုံမတရားသော မေထုန်တို့၏ မိခင်… ပြည့်တန်ဆာနှင့် ရွံ့ရှာဖွယ်ရာတို့၏ မိခင်" ဖြသည်။

သူမဘာလဲ? ပြည့်တန်ဆာဖြစ်သည်။ မိခင်ဖြစ်သည် ဘာလဲ? သူမတခုခုကို ရထားပြီးဖြစ်သည်။ သားများ၏ မိခင်လား? ပြည့်တန်ဆာများ၏ မိခင်ဖြစ်သည်။ ပြည့်တန်ဆာမှာအဘယ်နည်း? အကျင့်စာရိတ္တမကောင်းသောမိန်းမ၊ ပြည့်တန်ဆာ ဖြစ်သည်။ ဘာကြောင့် အကျင့်ပျက်ရသနည်း? သူမ၏ အယူဝါဒကြောင့်ဖြစ်သည်။ ခရစ်ယာန်အသင်းတော်ဖြစ်ချင်ယောင်ဆောင်ပါသည်။ သို့သော် လူ၏ သွန်သင်ချက်များကို သွန်သင်ပေးသည်။ … သူမပထမဆုံး အဖွဲ့အစည်းဖြစ်ပါက အချို့အဖွဲ့အစည်းများလည်း သူမထဲမှထွက်လာပါသည်။ ပြည့်တန်ဆာတို့၏မိခင် ဖြစ်သည်။ မှန်ပါသလား?ပြည့်တန်ဆာ များ၏ မိခင်ဖြစ်သည်။ လူ့ကလေးများ၏ မိခင်မဖြစ်နိုင်ပါ…. မိန်းမများ၏ မိခင်ဖြစ်ပါသည်။ မိန်းမများဖြစ်သဖြင့် အသင်းတော်များဖြစ်ပါသည်။ ရှာကြည့်ကြပါစို့။ ဘာထွက်လာပါသလဲ….

67 ၆၇။ ပထမဆုံးအဖွဲ့အစည်းမှာဘာလဲ? ကတ်သလစ်အသင်းတော်ဖြစ်သည်။ ဒုတိယအဖွဲ့အစည်းမှာဘာလဲ? လူသာ၊ တတိယအဖွဲ့အစည်းမှာ ဘာလဲ?ဇွင်းဂလီ။ နောက်ဘာအသင်းတော် ဆက်လာသလဲ?ကယ်ဗင်နှင့် အင်္ဂလိကန် ပြီးလျှင်မက်သသဒစ်က ဘာထပ်ထုတ်လုပ်ပါသလဲ? Alexander Campbell ပေါ်ထွက်လာသည်။ပြီး John Smith…. Alexander Campbell ကခရစ်ယာန်အသင်းတော်ဖြစ်ပါသည်။ သုံးလေးငါးခုထပ်ထွက်လာသည်။ ခရစ်တော် အသင်းတော် ပြီးလျှင် ဝါဒကလေးများ ထွက်လာပါသည်။ နှစ်ခြင်းအသင်းတော်ပေါ်ထွက်လာပြီး နေလက်စွဲများစွာ ထွက်လာပြန်သည်။ မက်သဒစ် အသင်းတော်ထဲမှ…. ဝက်စလီယန် မက်သဒစ် ၊နောက်ပြီး လေးငါးခါကွဲထွက်ပြန်သည်။ နောက်ပုံစံတမျိုးထွက်လာပြန်သည်။Free Methodist ဖြစ်လာသည်။ နာဇာရင်းအထိရောက်လာပြန်သည်။နာဇာရင်းမှ Rlgain Holines အထိ ရောက်လာပြန်ပါသည်။ဝါဒကလေးများ စွာထွက်ပေါ်လာပြန်ပါသည်။ ကွဲထွက်သွားတိုင်း ဘာဖြစ်ပါသလဲ? နောက်ဆုံး ပင်တေကုတ္တေများ အဆုံးသတ်ပါသည်။

68 ၆၈။ ပင်တေကုတ္တေကဘာလဲ? သူတို့မိခင် လုပ်သကဲ့သို့ပင်လုပ်ပါသည်။ သူ တို့ ပြန်သွား၍ အဖွဲ့အစည်း ဖွဲ့စည်းပါ သည်။ သူ တို့ ဘာဖြစ်ပါသလဲ? ဂိုဏ်းဂဏဖြစ်ပါသည်။ တစ်ခုထဲသို့လျှောက်ပါသည်။ပထမဆုံး အရာဖြစ်ပါသည်။ သင်၏ ဩဝါဒမှာ မည်သို့ဖြစ်သနည်း? သင့်ကို သူတို့က ဘီးကောင်းကောင်းနှင့် ဖြီးနေခြင်းဖြစ်သည်။ သင်ဘာလဲ? သင်ဘာယုံကြည်သည်ကိုဖေါ်ထုတ်နေခြင်း ဖြစ်ပါသည်။ သူတို့နှင့် အဖွဲ့မကျနေလျှင် သင့်ကို အသင်းတော်မှ မောင်းထုတ်ပါမည်။ မှန်ပါသည်။ သင်က ပင်တေကုတ္တေ ဖြစ်သောကြောင့် စိတ်ချရပြီဟု မပြောပါနှင့်။ပင်တေကုတ္တေ မြောက် များစွာ လမ်းပေါ်မှာ ဆက်လမ်းလွဲနေသည်ကို တွေ့ရပါသည်။ ကျွန်တော်သေချာပါသည်။

69 ၆၉။ ထိုအဖွဲ့အစည်းများအားလုံးပင်တေကုတ္တေ ကောင်းချီးများကို ချုန်ရစ်ခဲ့နိုင်ပါသည်။ အဖွဲ့အစည်း ဖွဲ့စည်းရန်မဟုတ်ပါ။ ညီအစ်ကိုကဲ့သို့သဘောထားပါ။ သန့်ရှင်းသော ဝိညာဉ်တော်ကို ခွဲခြားစေပါ။ ဝိညာဉ်တော်ကခွဲခြမ်းစိတ်ဖျာပါ သည်။ အာနနိနှင့် ရှဖိရက တချိန်မှာ ဝင်လာပါသည်။ ဟိုအကြောင်းဒီအကြောင်းပြောပါသည်။သန့်ရှင်းသော ဝိညာဉ်တော်ကဆိုပါသည်။

"သင်ဘာကြောင့်လိမ်ပြောရသနည်း?" သို့သော် ကျွန်တော်တို့ကပြောပါသည်။"ထိုညီအစ်ကို ဂျုံးဖြစ်ပါသည်။သူ့ကို ယခုအခါမှာ ဘာမကောင်းကြောင်းမှ မပြောပါနှင့်။ အသင်းတော်မှာ သူက အများဆုံးမေးသူဖြစ်ပါသည်။ သူမှာ သန့်ရှင်းသော ဝိညာဉ်တော် ရရှိထားကြောင်း ကျွန်တော် သိပါသည်။ အခြားသောဘာသာစကား ပြော ပြီး ဝိညာဉ်တော်၌ အော်ဟစ်သံကို တွေ့ခဲ့ရပါသည်။ ထိုအရာနှင့် လုပ်ရမည့်အရာမဟုတ်ပါ။ဘုရားသခင်က ပြောရပါမည်။ သူဟုတ်သည် (သို့) မဟုတ်သည်ကို သူပြောရန်လိုပါသည်။ အတိအကျပင်ဖြစ်ပါသည်။"

"သို့သော် ကျွန်တော်တို့၏ဂိုဏ်းဂဏကို ကျွန်တော်တို့ပိုင်ဆိုင်ပါသည်။ Assemblies မှာ သူ့ကို ကျွန်တော်တို့ကန်ထုတ်လိုက်ပါသည်။" တပါးတဆူ အဖွဲ့က သူ့ကိုကောက်ယူလိုက်ပါသည်။တပါးတဆူအဖွဲ့က သူ့ကို ခေတ္တသယ် ဆောင်သွားပါသည်။ ၎င်းနောက်သူ့ကို ကန်ထုတ်လိုက် ပါသည်။အကြောင်းမှာ.... သူ့ကို သူတို့ သယ်ဆောင်သွားပြီး ယေရှုက သာသူ့ကိုကောက်ယူလိုက်ပါသည်။ ယေရှုသာလျှင် သူ့ကိုခေတ္တ ထုတ်ထားပါသည်။ နောက်ထပ်သူ့ကို ကောက်ယူသူများဘုရားသခင်၏ အသင်းတော်ဖြစ်ပါသည်။ ဘုရားသခင် အသင်းတော်၏ ပရောဖက်ပြုခြင်း ကသူ့ကို ကောက်ယူလိုက်ပါသည်။Tomlison လှုပ်ရှားမှုကသူ့ကို ရသွားပါသည်။ အိုကျွန်တော်၏ ညီအစ်ကို၊ အကယ်၍ ကျွန်တော်က ပြေးထွက်မသွားပါက ပင်တေကုတ္တေထဲမှာဖြစ်ပါသည်။ နောက်ဆုံး နိုးထမှုဖြစ်သည်။ ယခု သူတို့မှာ ကျော်ကြားမှုရှိပါသည်။ ဆီကို ကိုးကွယ်သူများကို ရရှိသည်။ မျက်နှာမှာ သွေးပေနေပါသည်။ ယခု သူတို့ဘယ်ကိုရောက် နေကြောင်း ကျွန်တော်မသိပါ။

70 ၇၀။ တခုလုံးပျက်စီးသွားပါပြီ။

သမ္မာကျမ်းစာ ဆိုထားသည်မှာ ၎င်းအရာတခုလုံးပျက်စီးသွားမည်ဟု ဆိုထားကြောင်းသင်သိပါသလား?ဤနေရက်မျိုး ရောက်လာမည်ဟု သမ္မာကျမ်းစာဆိုထားကြောင်း သင်သိပါသလား? ကိုယ်တော်ရှင်၏ စားပွဲတော်ပင်လျှင် အန်ဖက်များနှင့်ပြည့်နေမည် မဟုတ်ပါလား။?

"ဘယ်သူ့ကို ကျွန်ုပ်သွန်သင်ပေးနိုင်ပါမည်နည်း? နားလည်ရန်မည်သူ့ကိုငါလုပ်ပေးနိုင်မည်နည်း? ပညတ်အပေါ်မှာပညတ်၊ လိုင်းကြောင်းအပေါ်မှာ လိုင်းကြောင်း"ဖြစ်နေပါသည်။ မည်သူ့ကို သူက သွန်သင်ပေးနိုင်မည်နည်း? နို့တိုက် ကျွေးမွေးသူများ ဖြစ်သည် လား။ [မိခင်]?

71 ၇၁။ ယခုဤမြို့ထဲမှာ အပျိုကညာ သမီး တစ်ဦးမွေးထုတ်ရန်ဘယ်မိန်းမမှ မရှိပါဘူး။ သူမမွေးဖွားလာသောအခါ သူမဖြစ်ပါသည်။ သူမကောင်းမွန်စွာသွားနိုင်ပါသည်။ သူမမိခင်မှာ ထိုသို့သော သဘောမျိုးရှိပါကထိုမိန်းကလေးမှာ ဆယ်ကြိမ်မှာ ကိုးကြိမ်သည် မခင်ကဲ့သို့သာ ပြုမူမည်ဖြစ်ပါသည်။ မှန်ကြောင်းသင်သိပါသည်။ မိန်းမအို ကြီးကဘဝဆိုး သော ဂေဟာကို ပြုစုပျိုးထောင်ပြီး ဆယ့်ခြောက်နှစ်အရွယ်ရှိနိုင်ပါပြီ။သန့်ရှင်း၍ ကိုယ်ကျင့်တရားကောင်းမွန်ပြီး အခြားသူများကဲ့သို့ဖြစ်ပါမည်။ သို့သော်—သူမက ထိုနည်းအတိုင်း ဆက်ရှိနေပါက မတတ်နိုင်ပါ သူမပြန်သွား၍ သူမမိခင်ကဲ့သို့ပြုမူပါသည်။

72 ၇၂။ ကက်သလစ်အသင်းတော်မှာ ပထမဆုံးပြည့်တန်ဆာအိုကြီးဖြစ်၍ သြဝါဒများဖြင့် တက်လာပြီး သူမကိုယ်ကို ပြုလုပ်ထားပါသည်။ အယူသီးမှုများ၊ သမ္မာကျမ်းစာက ဆိုသည့်အတိုင်း "အခံမရှိသော တွင်းထဲကထွက်လာ၍ ပျက်စီးခြင်းသို့ပြန်သွားရပါမည်။" သမ္မာကျမ်းစာ ဆိုထားပါသည်။

မှားယွင်းကြောင်းသူတို့သွန်သင်ထားပါသည်။ဘုရားနှုတ်ကပတ်တော်အရမှားယွင်းပါသည်။ မက်သဒစ်အသင်းတော် ပေါ်ထွက်လာပြီး သူမထဲမှ မွေးဖွားထားခြင်းဖြစ်ပါသည်။လှပသော မိန်းကလေးဖြစ်သည်။ သို့သော်သူမဘာလုပ်ပါသလဲ? သူမပြန်လှည့်သွားပြီး သူမမိခင်ပြုခဲ့သည့်အရာများကို ပြုလုပ်ပါသည်။တိုတိုကလေးဝတ်ဆင်ခွင့်ပြုသည်။ စီးကရက် သောက်ခွင့်ပြုသည်။ ဆက်လက်၍ သူတို့ပြုမူသင့်သည့်အတိုင်းပြုမူပါသည်။ .... ထိုအရာနှင့် ပတ်သတ်၍ ဘာမှမပြောပါ။ သင်းအုပ်ဆရာအိုမှာလည်းနောက်မှာရှိ၍ တရားဟောပလ္လင်နောက်တွင် ထမရတော့ဘဲနေမည်ကို ကြောက်ရွံ့လျက်နေပါ သည်။

ညီအစ်ကိုတို့ကျွန်တော်ပြောပါရစေ။ ဧဝံဂေလိတရားကိုကျွန်တော် ဟောပြောပါမည်။ ဆိုဒါခရက်ကာစား၍ ရေ သောက်ပြီး သမ္မာတရားကို ပြောပါမည်။ ကျွန်တော်ပရိတ်သတ်တွေထရပ်ပြီး ထွက်သွားပါက သူတို့ကို ကျွန်တော် သမ္မာတရားကိုပြောပါမည်။ အမှန်တကယ်ပါ။

73 ၇၃။ ဘာဖြစ်ပါသလဲ? ထမင်းစားလတ်မှတ်ပါ။ "ကျွန်တော်ကတော့ ဒီမြို့ထဲမှာ အကြီးဆုံးဖြစ်တဲ့အသင်းတော်ရဲ့သင်းအုပ်ဆရာ ဘဲဖြစ်ပါတယ်။"ခင်ဗျားတို့နှစ်ခြင်းနဲ့မက်သဒစ်တွေ ပရောဖက်အတုရဲ့စကားကို နားထောင်နေကြပါ တယ်။ရှိဒါကြမ်းတမ်းပါတယ်။ သမ္မာကျမ်းစာ ကို ဆန့်ကျင်ဟောပြောတဲ့အရာကတော့ မိစ္ဆာပရောဖက်ဘဲဖြစ်ပါတယ်။မည်မျှပင် အရောင်တင်ထားပါစေ၊ မှားယွင်းသော ပရောဖက်ပြုခြင်းဘဲဖြစ်ပါတယ်။ သင့်အမည်အသက်စာဆောင်ထဲမှာရှိနေသမျှကာလပတ်လုံး အားလုံးကကောင်းပါတယ်။ သင့်နာမည်စာအုပ် တစ်ဒါဇင်အပေါ်မှာရှိကောင်းရှိပါမယ်။အသက်စာစောင်ထဲမှာ မရှိပါက သင်ပျောက်ဆုံးပြီဖြစ်ပါသည်။ သင်အလွန်ပင်ကောင်းမြတ်ပါသည်။ သစ္စာရှိ၍ သန့်ရှင်း စင်ကြယ်ပြီး ကိုယ်ကျင့်တရားကောင်းသော်လည်း ဘာတခုမှ ထိုအရာနှင့်လုပ်စရာမရှိပါ။

74 ၇၄။ ဧသောမှာယာကုပ်ထက်နှစ်ဆကြီးပါသည်။ သူလူလားမြောက်လာသောအခါ သူ၏ဖခင်အို မျက်မမြင်ကြီး ကိုကြည့်ရှုပြုစုရပါသည်။ ယာကုပ်မှာ ရက်တတ်၍ မိခင်၏ အနီးစကိုဆွဲပြီး မိခင်အနားမှာ သာနေရသည့် လူကလေးဖြစ်သည်။ဘုရားသခင်က "ငါသားယာကုပ်ကိုချစ်၍ ဧသောကို လက်မခံပါ" ဟုပြောသည်။ ဘယ်လူကလေးမှမဖွားမြင်မီကပြောခြင်းဖြစ်သည်။ ရောမ(၈)ကလည်း ဆိုပါသည်။ အဲဒါအတိအကျ မှန်ကန်ပါသည်။ ဘုရားသခင်ကလူထဲမှာ ဘာရှိကြောင်းသိပါသည်။ အသင်းတော်ထဲမှာ ဘာရှိကြောင်း သူသိပါသည်။ ကျွန်တော်တို့အသက် မှန်ဖြစ် သည်။ ထိုအကြောင်းကြောင့် ကျွန်တော်တို့သည် ဂိုဏ်းဂဏထဲမှာ မရှိရခြင်းဖြစ်ပါသည်။

75 ၇၅။ ယခုသင့်ကို ကျွန်ုပ်က အခြားအရာကလေးတခု ပေးလိုပါမည်….ကျွန်တော် ဤနေရာမှာ ရေးထားသော သရုပ်ဖေါ်ပုံကလေးကို သင့်အားကျွန်တော် ပေးလိုပါသည်။ဗျာဒိတ် (၁၉း၂) တွင်ရှိသော "ကြီးမားသည့်…" ဒီမှာ ကျွန်တော်မှတ်သားထားသော တစုံတရာရှိပါသည်။ ကျွန်တော်ကြည့်၍ယခု ဘာလဲဆိုတာကြည့်လိုပါသည်။ ကိုယ်တော် ၏ တရားစီရင်ခြင်းမှာ စစ်မှန်၍ ဖြောင့်မတ်ပါသည်။သူကကြီးမားသော ပြည့်တန်ဆာကြီးကို တရားစီရင်ပါသည်။ သူမ၏ ဒုစရိုက်ဖြင့် ကမ္ဘာမြေကြီးကိုညစ်ညူးစေပါသည်။ သူ၏ အစေခံကျွန်များ၏ အသွေးကို သူမလက်ထဲမှာ ဂလဲ့စားချေပါ သည်။ [ထိုအရာသည်ကတ်သလစ် အသင်းတော်၏ အဆုံးပင်ဖြစ်ပါသည်။]

76 ၇၆။ သင့်အားကျွန်ုပ်တို့ကသတိပြုမိစေလိုပါသည်။ ဂိုဏ်းဂဏတခုကို ကျမ်းစာထဲမှာ ရှာတွေ့ရပါသည်…. သမ္မာကျမ်း စာက ဂိုဏ်းဂဏအကြောင်း ဘယ်တော့မှ မပြောပါ။ ဂိုဏ်းဂဏသည်ကတ်သလစ် ဘုရားကျောင်းမှလာပါသည်။ သူမသည် ဂိုဏ်းဂဏ၏ ပထမဆုံးမိခင်ဖြစ်၍ ဂိုဏ်းဂဏတခုစီကထွက်ပေါ်လာပါသည်။ ထိုဂိုဏ်းဂဏမှာ မွေးဖွားလာခြင်း မဟုတ်သကဲ့သို့ ဘုရားသခင်ဘိသိတ်ပေးခြင်းလည်းမဟုတ်ပါ။ နတ်ဆိုးက ဘိတ်သိတ်ပေးခြင်းဖြစ်ပါသည်။

ဘုရားသခင်၏ အသင်းတော်မှာ….

"ကျွန်တော်တို့ကွဲပြားနေခြင်းမဟုတ်ပါ။

ကျွန်တော်တို့မှာ ခန္ဓာကိုယ်တခုတည်းဖြစ်ပါသည်။

မျှော်လင့်ခြင်းနှင့် သြဝါဒမှာ တခုတည်းဖြစ်ပါသည်။

တခုမှာ ဂရုဏာတော်ထဲမှာ ဖြစ်ပါသည်။"

ထိုအရာမှာ အသက်ရှင်တော်မူသော ဘုရားသခင်၏အသင်းတော်ဖြစ်ပါသည်။ ဘာဘဲဖြစ်ဖြစ်… သူတို့မှာ တလုံးတဝ တည်းအတူတကွ ဖြစ်ပါသည်။သူသည်မက်သဒစ် (သို့) နှစ်ခြင်းဘာဘဲဖြစ်ပါစေ သူသည် ဒုတိယ အကြိမ်ဖွားမြင်၍ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်လျက်ရှိပါသည်။ သူသည် ကျွန်ုပ်၏ ညီအစ်ကို ဖြစ်သည်။ မုခုံးဖက်၍လျှောက်လှမ်း သူများ ဖြစ်ကြပါသည်။ မှန်ပါသည်။ ဘာကွာခြားမှုမှ မလုပ်ပါနှင့်။

77 ၇၇။ မောရှေ"တခါတရံမှာ လှည့်ပတ်ကြည့်ပြီးပြောပါမည်" ထိုအစွန်းရောက်ပင်တေကုတ္တေအုပ်စုကို သင်သိပါသလား? ဘရာသာဗရမ်ဟမ်၊ သင်ဘာကြောင့်ထိုသို့အုပ်စုလိုက်ထွက်သွားရပါသနည်း?ဘရာသာဗရမ်ဟမ်၊ သင်ဘာကြောင့်ထိုသို့ အုပ်စုလိုက်ထွက်သွားရပါသနည်း? "ဘာလဲဆိုတာ သင်သိပါသလား။? မောရှေက ဣသရေလ သားသမီးများကို ကြည့်ပါသည်။ဖါရောဘုရင် ထွက်၍ကြည့်သော ပြတင်းပေါက်မှပင် သူကထွက်၍ ကြည့်ပါသည်။ ဖါရောဘုရင်က သူတို့ကိုထွက်ကြည့်သောအခါ ရွံ့လုပ်သောသူများအုပ်စုတခုအဖြစ် ထွက်ကြည့်ခြင်းဖြစ်ပါသည်။" မောရှေက ဘုရားရွေးချယ်သောသူများအဖြစ် သူတို့ကိုထွက်ကြည့်ခြင်း ဖြစ်ပါသည်။ သူတို့မှာ ဂတိတော်ရှိကြောင်း ကိုယ်တော်ရှင် သိပါသည်။

ဘာကြောင့်လဲ? နှုတ်ကပတ်တော်အားဖြင့် သူက သိခြင်းဖြစ်ပါသည်။ယုံကြည်ခြင်းအားဖြင့် သူ၏ခြေကို ဖါရောဘုရင်၏ ပလ္လင်ပေါ်တင်ထား ပါသည်။ တကမ္ဘာလုံး သူ၏ခြေရင်မှာ ချထားပါသည်။ (ထိုင်နေပြီး သူပါးစပ်ထဲသို့ဝိုင်ကို ထည့်သည်။ လှပသော မိန်းကလေးများကိုသူ့ကို ယပ်ခပ်ပေးကြသည်။ အာဏာရှင် (သို့) ဘုရင်ကြီးများဖြစ်သည်။) မောရှေကလေးမှာ အသက်လေးဆယ်အရွယ်မှာရွံ့အုတ်ဖုတ်သူများကို ကြည့်၍ သူသည် သူတို့နှင့် အဖွဲ့အစည်းဖြစ်ကြောင်း သူသိပါသည်။ဟာလေလုယာ၊ ထိုသို့ပင်ဖြစ်ပါသည်။ သူသည် သူတို့နှင့် တဖွဲ့တည်း ဖြစ်ကြောင်း သူသိပါသည်။ယုံကြည်ခြင်းအားဖြင့် သာ သူရွေးချယ်ပါသည်။

78 ၇၈။ လူတိုင်းကရွေးချယ်ရပါမည်။ သင်ရွေးချယ်ရပါမည်။ ယခု သင်က ရွေးချယ်မှုပြုလုပ်ရပါမည်။ မနက်ဖတ်မှာသင်ကရွေးချယ်မှု ပြုလုပ်ရပါမည်။ သင်အသက်ရှင်ပါက ရွေးရပါမည်။ တခါတရံသင်ရွေးဖို့လိုပါသည်။ညီအစ်ကို လွန်ခဲ့သော အချိန်က ကျွန်တော်ဤသမ္မာကျမ်စာကို ရွေးချယ်ပါသည်။ ဤသမ္မာကျမ်းစာမှာကျွန်ုပ်၏ အဘိဒါန်ဖြစ်ပါ သည်။ ဤသမ္မာကျမ်းစာမှာ ကျွန်ု္ပ်၏ အသက်ဖြစ်သည်။ ဤသမ္မာကျမ်းစာမှာဘုရားနှုတ်ကပတ်တော်ဖြစ်ပါသည်။ သမ္မာကျမ်းစာမှာ ကျွန်ုပ်အသက်ရှင်နေထိုင်ရာနေရာဖြစ်ပါသည်။ ဤသမ္မာကျမ်းစာအားဖြင့် ကျွန်ုပ်ရပ်တည် ရပါမည်။

79 ၇၉။ ထိုကြောင့်မောရှေက ဣသရေလကလေးများ အပေါ်ကြည့်ရှုစေပါသည်။ သူက "သူတို့က နှစ်သတ်စရာကောင်း တဲ့ လူတွေပါ။ သူတို့ကို ကျွန်တော်ဘာမကြိုက်တာမှ မတွေ့ဘူး။ သူတို့ကို ဆန့်ကျင်ပြီး ကျွန်တော်စကားတလုံးမှ မပြောလိုပါ"…. ထိုနည်းအားဖြင့် ယနေ့လူပေါင်းများစွာတို့ကပြုလုပ်နေကြပါသည်။ "ထိုပင်တေကုတ္တေများသန့်ရှင်းသော ဝိညာဉ်တော်ရှိသူများ၊ အနာရောဂါငြိမ်းခြင်းကို ယုံကြည်သူများ ဘာမှ ကျွန်တော်သူတို့ကို မဆန့်ကျင်လိုပါ" သို့သော် မောရှေမဟုတ်ပါ။သူက အီဂျစ်နိုင်ငံကို ထားခဲ့ပြီး သူတို့နှင့် တလုံးတဝတည်း ဖြစ်လာသည်။ သူက ညီအစ်ကိုများထဲသို့သူထွက်သွားသည် သူတို့သည် သူတို့နှင့် အတူ တကွဖြစ်လာပါသည်။

80 ၈၀။ ညီအစ်ကိုထိုနေရာမှာကျွန်တော်လမ်းယူခဲ့ပါသည်။ ကိုယ်တော်ရှင်ပစ်ပယ်ထားသော လူနည်းစုနှင့်အတူ ကျွန်တော်လမ်းကိုယူပါမည်။ ဘာဘဲဖြစ်ဖြစ် လက်တစ်ဆုပ်စာဘဲဖြစ်ပါသည်။ သူတို့မှာ ဂတိရှိပါသည်။ သိုးသူငယ်၏အသက်စာစောင်မှာ အမည်များတွေ့ရပါသည်။ သူတို့သည် ကျွန်ုပ်၏ ညီအစ်ကိုများဖြစ်ပါသည်။ မှန်ပါသည်။သင်ရွေးချယ် ၍ သူတို့နှင့် အတူရပ်တည်ပါ။ မှားသည်ဖြစ်စေ၊ မှန်သည် ဖြစ်စေ၊ ဘယ်လိုဘဲဖြစ်ပါစေ။ထိုနေရာမှာ ရပ်တည်ပါ။ သူတို့မှားပါက လမ်းမှန်ရောက်အောင်ကူညီပါ။ သူတို့ကို ကန်လိုက်ခြင်းဖြင့်ပိုကောင်းလာအောင် သင်ဘယ်တော့မှ မလုပ်နိုင်ပါ။ သူတို့ကို ဆွဲထုတ်ဖို့ကြိုးစားပါ။

81 ၈၁။ ချာလီဘရာသာအယ်လင်နှင့် ပတ်သတ်၍ သူတို့မီးအကြောင်းပြောသကဲ့သို့ဖြစ်ပါသည်… လက်များထဲမှ သွေးဖြစ်သည်။

ကျွန်တော်က ပြောပါသည်။ "ဘယ်တော့မှ ကျွန်တော် မေ့မပစ်ပါ။ AA Allen AA Allen ကို ကျွန်တော် တရားဟောတတ်ပါကအနာရောဂါငြိမ်းခြင်း စည်းဝေးမလုပ်တော့ပါ။ သန့်ရှင်းသော ဝိညာဉ်တော် အထောက်အထားမှာ သွေးနှင့်ပတ်သတ်၍ သဘောတူညီမှု မရှိပါက သင့်လက်ထဲမှာ ထိုအရာနှင့် ကျွန်တော် သဘောမတူညီဘဲ ရှိပါမည်။သို့သော် ညီအစ်ကို နှင့် ပတ်သက်လာပါက သူသည် ကျွန်တော်၏ အစ်ကိုပင်ဖြစ်ပါသည်။ တိုက်ပွဲများနှင့်ကျွန်တော် ပုခုံးချင်း ဖက်လာသူများ ဖြစ်ပါသည်။ မှန်ပါသည်။ သူမှားပါက သူ့ကို ကူညီရန်ကျွန်တော်ကြိုးစားပါမည်။သူမမှားပါက၊ ကျွန်တော် မမှားပါက သူကျွန်တော်ကို ကူညီစေလိုပါသည်။" ထိုနည်းအားဖြင့် ကျွန်တော်တို့ လုပ်ရပါမည်။

82 ၈၂။ ယခုကြည့်ပါ။ သူမသည် "နက်နဲသော ဘာဘုလုံ... ပြည်တန်ဆာတို့၏ မိခင်"ဖြစ်သည်။ ယနေ့အသင်းတော်မှာ ဘာဖြစ်ကြောင်း သင်သိပါသလား? မိတ်ဆွေများ။ ယနေ့အသင်းတော်မှာ သူတို့အသက်ရှင်လိုသည့်အတိုင်းအသက်ရှင် နေသည်ကို သင်တွေ့ရပါသလား?"အမှန်အကန်ပင် ကောင်းပါသည်။ ဆက်သွားပါ"ဝက်က ဝက်ကို စားပါသည်။ ဘာကို မှ ဂရုမစိုက်ပါ။ ထိုသို့ပြုလုပ်သည့်အခါ အန္တရာယ်မရှိပါ။ဘာကိုမှ ဂရုမစိုက်ပါ။ "ထိုသို့ပြုလုပ်သည့်အခါအန္တရာယ်မရှိပါ။ သင်ကရွေးဆန်ခြင်းဖြစ်ရန် ကြိုးစားနေခြင်း သာဖြစ်ပါသည်။" သူတို့၏ ဩဝါဒကို ကြည့်ပါ။ သူတို့၏ အကျင့်ပင်ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ကတ်သလစ်အသင်းတော်သည် ရုပ်ရှင်ကြည့်ရန် ခွင့်ပြုသောတခုတည်း သော အသင်းတော်ပင်ဖြစ်ပါသည်မဟုတ်လား? မက်သဒစ်အသင်းတော်က ထိုအရာမျိုးကို မစဉ်စားပါ။ တခြားဂိုဏ်းဂဏ များအားလုံး လည်းထိုသို့ပင်ဖြစ်ပါသည်။"မဟုတ်ပါ၊ ထိုအရာသည် နတ်ဆိုး၏အရာများပင်ဖြစ်ပါသည်။" ဘာဖြစ်သလဲဆိုတာ ကျွန်တော် စဉ်းစားမိပါသည်။ ဟုတ်ပါတယ်ဆရာ၊

83 ၈၃။ ကက်သလစ်မိန်းကလေးငယ်များထွက်လာပြီး တနေရာကိုသွားကြသည်။ (သင်တို့ အချို့မှာ လူကြီးများဖြစ်ကြ သည်။ ကျွန်တော်အရွယ်ရောက်နေပါပြီ) ယနေ့ညငရဲထဲ သင်ရောက်နေမှာ သေချာပါသည်။ ကျွန်တော်မသိပါ။ သူ၏ တရားစီရင်သူမဟုတ်ပါ။ ရေဒီယိုထဲမှ ညစ် ပတ်သော သီချင်းများ ကြားရသောအခါ— ရော့ခ်အင်ရိုးကခုန်၍ ဂါဝန်များမှာဒူးပေါ်ပေါင်ပေါ်ဖြစ်ရသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က စတင် ပေါ်ပေါက်လာပုံကို ဘယ်နှစ်ယောက်မှတ်မိပါသလဲ? ပထမဆုံးအဖော်အချွတ်လုပ်ခြင်းပင် ဖြစ်ပါသည်။ Texasမှာလူငယ်များက သူတို့မိန်းကလေးများကို ခေါ်သွားကြပြီး အဝတ်အစားကိုလည်း မတူညီသောတမူထူးခြားသည့် အဝတ်များဝတ်လျက် သူတို့ကိုသွားစေပါသည်။ ယခု သူတို့ဘာလုပ်ကြပါသလဲ? စိမ့်ဝင်လာပါသည်။ ဝိညာဉ်ဖြစ်သည်။

84 ၈၄။ တနေ့ကလူတဦး ကျွန်တော်နှင့် စကားပြောနေပါသည်။ "ကျွန်တော် ဘာလုပ်ရမလဲဆိုတာမသိပါဘူး။ ကျွန်တော်မှာ ရိုးသားတဲ့ ကလေးတဦးရှိပါတယ်။ ထိုလူကလေးမှာ သူရသမျှပစ္စည်းယူတတ်ပါသည်။"

"ဘာကြောင့်လဲ?" ဟုကျွန်တော် မေးသည်။သူက သူခိုးနဲ့ပေါင်းဖေါ်နေပါတယ်။

"သင်က သူခိုးနဲ့ပေါင်းဖော်နေပါကသင်လည်း သူခိုးဖြစ်လာပါမည်။"

သင်က သူခိုးနှင့် ပေါင်းဖော်နေကပါက သင်လည်းသူခိုးတဦးဖြစ်လာပါမည်။ ကျွန်တော် ကင်တာကီမိခင်ကြီးကပြောပါ သည်။ မင်းခွေးနဲ့အိပ်ရင်ခွေးသန်းတွေတက်လာမယ်။ မကောင်းတဲ့မိန်းမနဲ့ပေါင်းဖော်ရင်... လူကောင်းကလေးနဲ့ပေါင်း ခိုင်းရင် သူလည်း ခွေးပေါက်ကလေးကဲ့သို့ဖြစ်သွား ပါမည်။ ပြောင်းပြန်တွေးကြည့်ပါ။ သင့်အပေါင်းအဖော်များအားဖြင့် သင့်ကို လူတွေသိလာပါမည်။ သူတို့ထဲက ထွက်လာခဲ့ပါ ဟုကျမ်းစာဆိုပါသည်။ သီးခြားခွဲခြားပြီး နေပါ။

85 ၈၅။ သူတို့၏ဂိုဏ်းဂဏများ ပျက်စီးခြင်းသို့ပြန်ရောက်သွားပါက ထိုသို့သော သူများကို လက်ခံခြင်းကြောင်းဖြစ်သည်... တနေ့ကအလွန်ကောင်းမွန်သော နှစ်ခြင်းကြောင့်ဖြစ်သည်.... တစ်နေ့က အလွန်ကောင်းမွန်သော နှစ်ခြင်းဘုရားကျောင်းကြီးထဲမှာသူတို့ထွက်သွားကြရပါသည်။ မိနစ်နှစ်ဆယ်ခန့်သာ တရားဟောနိုင်ပြီး အကြောင်းရင်း များ သင်းအုပ်ကဆေးလိပ်သောက်ချင်လို့ဖြစ်ပါတယ်။ ပရိတ်သတ်များအားလုံး လည်းအပြင်ထွက်သွားကြပါသည်။ သူတို့အားလုံးအပြင်မှာရပ်နေကြ၍တယောက် တလှည့်ဆေးလိပ်သောက်ကြပါသည်။ နောက်မှ တဖန်ပြန် လာကြပါ သည်။ — သင်းအုပ်နှင့်သူတို့အားလုံးဘဲဖြစ်ပါတယ်။ကျွန်တော် ကွန်ပရီးဂေးရှင်းနယ် အသင်းတော်ကို သွားပါသည်။ ဝတ်ရုံရှည်ကြီး ဝတ်ထားသူတဦးရပ်နေပါသည်... တရားဟောပလ္လင်ကို မှီ၍ စကားပြောနေပါသည်။ တောင်ပေါ်မှာ တွေ့သောပန်းအကြောင်းပြောနေပါသည်။ ကျွန်တော်နောက်ဖက်ကို ပြန်ထွက်လာပါသည်။ သူ၏ လက်ချောင်းများမှာလည်း စီးကရက်အရောင်ဖြစ် ဝါနေပါသည်။ မိန်းမနှင့် ယောကျ်ားများ အားလုံးကစားကြပါမည်... ဂျာမန်ကစားနည်း ဖြစ်ပါသည်...ဖဲကစားခြင်းဖြစ်သည် မဟုတ်ပါလား? ပင်နိုကယ်ကစားနည်းဖြစ်ပါသည်။ ထိုကစား နည်း Phochle ကစားပွဲကစားကြပါမည်။ ပုံမှန်ဖဲကစားခြင်းဖြစ်သည်။ အခြေခံကစားနည်းဖြစ်ပါသည်။ဘယ်နေရာက အခြေခံဖြစ်ပါသလဲ— အံ့ဩစရာမကောင်းပါ။ သူတို့ဘာ လုပ်ပါသလဲ။ ကက်သလစ်အသင်းတော်ကကစားပွဲထဲရောက်နေပါသည်။ ထိုကစား နည်းကစားနေပါသည်။ ပရိုတက်စတင့်များလည်း သူတို့ကဲ့သို့ညစ်ညူးနေပါသည်။ သင်ဘာပြောနိုင်ပါမည် နည်း?အိုးက ကရားကို ညစ်ပတ်သည်ဟု မပြောနိုင်ပါ။ လုံးဝ မပြောနိုင်ပါ။ သင်တို့ထိုသို့လုပ်ပါကပြောပါ။ ကောင်းပြီး၊ ငါက ပရက်စ်ဗီတေးရီယန်ဖြစ်တယ်၊ မက်သဒစ်ဖြစ်တယ် တကယ်တော့ ဘာမှမဟုတ်ပါ။ သင်ဒုတိယမွေးခြင်းခံရပါမည်။ ထို သို့ဖြစ်ပါက သင့်အထဲမှတစုံတရာက သင့်ကို ဤအရာများမှားသည်ဟုပြောပါသည်။သင်ထိုအထဲက ထွက်လာခြင်း ဖြစ်ပါသည်။ အမှန်တရားဖြစ်ကြောင်းသင်သိပါသည်။ တကယ်ဘဲဖြစ်ပါတယ်။ထိုအရာက ထိုအတိုင်းသွားပါသည်။ ဘာကြောင့် လဲ?ပြည့်တန်ဆာတို့၏ မိခင်ဖြစ်သည်။

86 ၈၆။ တနေ့သောအခါမှာမိခင်အိုကြီးကပြောပါမည်။ ဘာလဲသင်သိသလား?တကယ့်တော့ ငါတို့က အတူတူပါဘဲ။ ထိုအခါဘာလဲဆိုတာ သင်သိသလား။? အသင်းတော်များပေါင်းစည်းညီညွတ်ခြင်းသည်အားလုံးမှာ ယခုကဲ့သို့ အတူတကွရှိနေပါမည်။ ဤသို့သော အုပ်စုကလေးမှာ ဘာဖြစ်မည်ကို သင်သိပါမည်လား? ထိုအတွက် သင်အဖိုးအခပေး ရပါမည်။ သို့သော်စိတ်မပူပါနှင့်။ သိုးသူငယ်က သူ့ကို နိုင်သွားပါမည်။

အကြောင်းမှာ သူသည် သခင်တို့၏ သခင်နှင့်ဘုရင်တကာတို့၏ ဘုရင် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်က သူ့အသင်းတော်ကို ဂိုဏ်းဂဏကိုယ်စားဦးဆောင်သွားပါမည်။ အသင်းတော်အပေါ်မှာ သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ရွှေဆီကို လောင်းချပါမည်။ ကောင်းကင်မှမီးကျလာ၍ အံ့ဩဖွယ် နိမိတ်လက္ခဏာများ တခါမှမမြင်ဘူးသလောက်ကဲ့သို့မြင်တွေ့ရပါမည်။သိုးအုပ်စုငယ် မကြောက်နှင့်။ ခမည်းတော်၏ ကောင်းသောအကြံအစည်ဖြစ်၍ သင့်အားနိုင်ငံတော်ကိုပေးပါမည်။ အဆုံးတိုင်တည်ကြည်သောသူကို ပေးပါမည်။ လမ်းတလျှောက်လုံး ဆက်သွားပါ။ ကရာနီကိုဦးတည်၍ ခေါင်းကို ဖော်ထားပါ။ ဤသမ္မာကျမ်းစာ မှန်ကန်ပါသည်။ စိတ်မပူပါနှင့်။

87 ၈၇။ သူတို့မှာအကျင့်အချို့ရှိပါသည်။ သူတို့မှာ— ကိုယ်ကျင့်တရားအချို့ရှိပါသည်။ ကျွန်တော်တို့ဆက်သွားနိုင်ပါသည်။ ပထမဆုံး သင်သိသော အရာမှာ ပင်တေကုတ္တေအသင်းတော်များထဲသို့စိမ့်ဝင်သွားခြင်းပင်ဖြစ်ပါသည်။ထိုနောက် ကက်သလစ် အမျိုးသမီးကစတင်၍... ဘာလဲ။ တိုတိုကလေးဝတ်လို့ဘာ မန္တာရာယ်မှ မရှိပါဘူး။ငါတို့ဘုရားကျောင်း သွားပြီး ခေါင်းမှာ ပုဝါအုပ်လိုက်ရင်ရပါတယ်။ အစဉ်အလာ တမျိုးဘဲဖြစ်ပါတယ်။ သောကြာနေ့မှာ အသားမစားပါနဲ့။ ဘုရားကျောင်းထဲ ဝင်ဖို့။ လက်ကိုင်ပါဝါခေါင်းပေါ် အုပ်ရတာကို ဘယ်ကနေရတာလဲ? ကျမ်းစာကို ကျွန်ုပ်ကိုပြပါ။ မှားယွင်းသောပရောဖက်ပြုချက်ဖြစ်ပါသည်။ ဘုရားကျောင်းထဲမှာ ဦးထုပ်ဆောင်းရပါမည်လား? ဦးထုပ်ဆောင်းပါက ခရစ်တော်ကို မလေးမခန့်လုပ်ခြင်းဖြစ်ပါတယ်။မှန်ပါတယ်— အမျိုးသား များဖြစ်တယ်။ ကျွန်တော် ဆိုလိုတာဘဲဖြစ်တယ်။ မိန်းမတွေကတော့ခေါင်းအုပ်ရပါမယ်။သို့သော် ဦးထုပ်(သို့) လက်ကိုင်ပုဝါဘယ်မှာလဲဆို တာပြဖို့ကျွန်တော်ဘယ်သူကို မဆိုဖိတ်ခေါ်လိုပါတယ်။သင့်ဆံပင်ဘဲဖြစ်ပါတယ်။ အားလုံးဖြတ်လိုက်ပါတယ်။ အဲဒါဘာဖြစ်ပါသလဲ? သူတို့က "အဲဒါ ခေတ်နောက်ကျ နေပါပြီ။" အဲဒါက သမ္မာကျမ်းစာဘဲဖြစ်ပါတယ် ဘုရားနှုတ်ကပတ်တော်က မှန်ပါတယ်။

88 ၈၈။ သိပ်မကြာမှီကယေရှုခြေထောက်ကိုဆေး၍ သူမဆံပင်နှင့်သုတ်သော အမျိုးသမီးတဦးအကြောင်း ပြောခဲ့ဘူးပါ သည်။ တခုတည်းသော နည်းလမ်းမှာ ထိုအမျိုးသမီးမှာဆံပင် ရှည်သဖြင့်ထိုဆံပင်ဖြင့်ယေရှုခြေကိုသုတ်နိုင်ရသော အခွင့်ရှိပါသည်။ မှန်ပါသည်။ ထိုသို့မြင်တွေ့ရသည်မှာ အမင်္ဂလာဖြစ်ပါတယ်။ဒီမှာလည်း အေးခဲနေသော ရာသီဖြစ်၍ လမ်းလျှောက်သွား၍ ကုတ်ကလေးဝတ်ထားပြီးအဝတ်မဲ့ ခန္ဓာကိုယ်ကိုဖော်ပြနေခြင်းဖြစ်ပါသည်။

"ဘာကြောင့်မိန်းမတွေကိုကောက်ယူရသလဲ?"ကောက်ယူဖို့လိုလို့ဘဲဖြစ်ပါတယ်။သင်တို့မိန်းမများကို ထိုသို့ပြုလုပ်စေပါ။ ခင်ဗျားတို့ကို ဘယ်လို စဉ်းစားရမှန်းမသိတော့ပါ။

သင်တို့သင်းအုပ်ဆရာများ။ ခင်ဗျားတို့ဒီမှာရှိကြောင်းကျွန်တော်မတွေးမိပါ။ သို့သော် သင်ကထိုသူကို တွေ့ရပါက သူ့ကိုလာ၍ပြောစေပါ... ခရစ်တော်ကို သူကပို၍လေးစားပါက သူပရိတ်သတ်လည်းဘာမှမပါဘဲ ထွက်သွားရမည်မဟုတ်ပါ။... သူ့နောက်ကွယ်မှာ ပြုလုပ်နေရပါမည်။ သူကသူတို့ကိုထိုအကြောင်း မပြောပြပါက ယေရှုခရစ်တော်အ တွက်သူက သင့်တော်သော အစေခံမဟုတ်တော့ပါ။ ခရစ်တော်၏အစေခံဖြစ်ရန် မသင့်တော်ပါ။ ခရစ်တော်၏ အစေခံမှာ ကြောက်ရွံ့ခြင်းမရှိရပါ။ ကျမ်းစာနှင့်ပတ်သတ်လျှင်မကြောက်ရပါ။ သို့သော် သူတို့ထိုနေရာမှာ ရှိနေပါသည်။ သူ တို့ ထွက်သွားပြီး ဘယ်လိုဖြစ်ဖြစ်လုပ်ပါသည်။

89 ၈၉။ ပထမဆုံးသိရမည့်အရာမှာ ပရိုတက်စတင့်များက ကောက်ယူရပါမည်။ သင်တို့မက်သဒစ်ကောင်းများ၊ နှစ်ခြင်းပရက်စပီတေးရီးယန်းနှင့်နာဇရင်းများ။ ပီဂရမ်ဟိုးလီးနတ်စ်များ၊ သင်တို့အားလုံး— ဘာကွာခြားမှုမရှိပါ။ တဒါဇင်နှင့် တဝက်ထဲမှ ခြောက်ခုဖြစ်ပါသည်။ ပြည်တန်ဆာများ ၏ မိခင်။ ဖြစ်ပါသည်။ သင်၏ ဂိုဏ်းဂဏဖြစ်သည်။ဌာနချုပ်မှာ စတင်နေသမျှ ကာလပတ်လုံး ဘာကွာခြားမှုဖြစ်ပါသလဲ? လုံးဝကွာခြားမှုဖြစ်ပါသည်။ ဌာနချုပ်မှာ သူတို့ဘယ်တော့မှမစတင်ပါ။ သင့်ရဲ့ဌာနချုပ်မှာ စတင်ကောင်း စတင်ရပါမည်။ အောက်မှာ ဘဲဖြစ်သည်။ အပေါ်မှာမဟုတ်ပါ။ သင်ဘယ်က လဲဆိုတာပေါ်မှာ မူတည်ပါသည်။ အမှန်တရားဖြစ်ပါသည်။

90 ၉၀။ ဒီတခုအတွက်ကျွန်တော်တို့အချိန် မရှိတော့ပါ။ မနက်အတွက်ထားရင်ကောင်းမယ်လို့ကျွန်တော် ထင်ပါတယ်။ဒီတိုတိုလေးကို ဘဲပြောကြပါစို့။ ရေဗတ္တိဇံအကြောင်း ကျွန်တော်တို့မှာ ရှိ်ပါသည်။ ကြိုတင်ခွဲခန့်မှတ်သားခြင်းလည်းရှိပါသည်။ မိန်းမတရားဟောဆရာများ ဆိုတဲ့ အကြောင်းအရာ အတိုကလေးများလည်း ရှိပါသည်။

အမျိုးသမီးတရားဟောဆရာမများ၊ ခင်ဗျားတို့ရဲ့ခံစားချက်များကို ကျွန်တော်မထိခိုက်စေချင်ပါ။ ခင်ဗျားတို့ကိုတော့ တစုံတခုပြောချင်ပါတယ်။ကျမ်းစာထဲမှာ တခုမှ မရှိပါ။ ခင်ဗျားတို့ဘယ်ကိုဦးတည်နေသလဲသိပါသလား။ .... သင်တို့သားနှင့် သမီးများ ပရောဖက်ပြုကြပါတယ်။သင်တို့သင်းအုပ်ဆရာက ပရောဖက်ပြုခြင်း၏ အဓိပ္ပာယ်ကို မသိပါက သူသိမည်မဟုတ်ပါ... တရားဟောပလ္လင်နောက်မှာ လုပ်စရာ ဘာမှ မရှိပါ။ တရားဟောဆရာမလည်းလုပ်စရာ မရှိပါ။ အကြောင်းမှာ ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်အထိ လုံးဝတားမြစ်ထားပါသည်။ ကျွန်တော်ပြပါရစေ။

91 ၉၁။ ၁၁၂း၁၁ကိုဖွင့်ဖတ်စေချင်ပါတယ်။ တမန်တော် (၂)ကိုလည်းဖတ်ပါ။ ဒီအကြောင်းနဲ့ပတ်သတ်လို့ကျမ်းစာကဘာပြောထားလည်းဆို တာနားထောင်ကြည့်ပါ။

တစုံတဦးက ဆက်ပြောနေပါသည်။ "ဘရာသာ ဗရမ်ဟမ်၊ ခင်ဗျားကတော့ မိန်းမမုန်းတီးတဲ့လူကြီးဘဲ" ကျွန်တော် ကမိန်းမမုန်းတဲ့လူမဟုတ်ပါ။ သူတို့နဲ့မဆိုင်တဲ့နေရာတွေကို မိန်းမတွေ ယူနေကြတယ်လို့ဘဲ ကျွန်တော်ပြောနေခြင်းဖြစ်ပါတယ်။ Howand သင်္ဘောကျင်းထဲမှာအအောင်မြင် ဆုံးသင်္ဘောဆိပ်တခုဖြစ်ပြီး ohio မြစ်ပေါ်မှာ တည်ရှိပါတယ်။ မိန်းမကို အဲဒီမှာ ထားပါတယ်။ ဘာဖြစ်သလဲကြည့်ပါ။ မိန်းမတွေကို မဲပေးခွင့် ပြုလိုက်ပါတယ်။ ဘာဖြစ်သလဲ ကြည့်ပါ။

92 ၉၂။ ယခုသင့်ကို ပြောပါရစေ၊ မိန်းမများကို နှိမ်ခြင်းမဟုတ်ပါ။ ယောကျာ်းများကို နားလည်စေလိုသောကြောင့်ဖြစ် ပါသည်။ သင်တို့လည်း ပါသွားပါသည်။ တခုပြောပါရစေ ညီအစ်ကို။ ဤနိုင်ငံသည် မိန်းမနိုင်ငံဖြစ်ပါသည်။ကျမ်းစာအား ဖြင့် သက်သေပြပါမည်။

သင်ဘာနဲ့ဖြစ်ဖြစ် သက်သေ ပြနိုင်ပါသည်။ .... ကျွန်တော်တို့တွေ စက္ကူပေါ်မှာ ဘာပေါ်နေပါ သလဲ? မိန်းမပုံဖြစ်ပါသည်။ ဗျာဒိတ်ကျမ်းမှာ ဘယ်နေရာမှာသူမကို တွေ့နိုင်ပါမည်နည်း? သူမကို တွေ့ရပါသည်။သူမသည် နံပါတ် ဆယ့်သုံးဖြစ်ပါသည်။ သူမ စသမျှအားလုံးဖြစ်သည်။ ကြယ်ဆယ့်သုံးပွင့်၊ အစင်းကြောင်းဆယ့်သုံးကြောင်း၊ ကိုလိုနီနယ် ဆယ့်သုံးနယ်၊ ဆယ်သုံး— အားလုံးမှာ ဆယ့်သုံးနှင့်စတင်ပါသည်။ ဗျာဒိတ်ကျမ်း (၁၃) အခန်းကြီး (၁၃) မှာသူမပါပါသည်။ မိန်းမဖြစ်သည်။ ဆယ့်သုံးဖြစ်သည်။

93 ၉၃။ ၁၉၃၃ခုနှစ်က ကိုယ်တော်ရှင်သည် ....ခရစ်တော် အသင်းတော်နေသော နေရာမှာ ကျွန်တော်တို့ထိုစဉ်က ဝတ်ပြုစည်းဝေးပွဲများ ပြုလုပ်ကြပါသည်။ Masnic အိမ်အိုကြီးဖြစ်၍ ကိုယ်တော်ရှင်၏ ရှုပါရုံကျွန်တော် အပေါ်သက်ရောက်ပြီး ဂျာမဏီနိုင်ငံက မာဂျီနော့လိုင်းကိုပြုလုပ်မည်ဟု သိရပါသည်။ ခင်ဗျားတို့သတိရကြမှာပါ။ သူတို့အားလုံးခံ တပ်ကဲ့သို့အတားအဆီးရရှိပါမည်။အမေရိကန်များ ထိုလိုင်းကြောင်း ကြောင့် အတော်ကလေး ဆုံးရှုံးသွားကြပါသည်။

ရုစဘဲ့အကြောင်း လည်းပြောပါသည်။ သူမည်သို့အနိုင်ရရှိပြီး စတုတ္ထမြောက်အကြိမ် အရွေးခံရမည်ဟု ဆိုပါသည်။ ထိုအတိုင်းပင် အတိအကျ ဖြစ်လာပါသည်။မော်တော်ကားများလည်း ဥပုံကဲ့သို့ဖြစ်ပြီး နောက်ဆုံးသော ကာလမှာ ဖြစ်လာမည်ဟု ဆိုပါသည်။“ထိုကားများမှာ စတီရာရင်ဘီးနှင့်မောင်းနှင်ခြင်းမဟုတ်ဘဲ တခြားတခုက ၎င်းတို့ကို မောင်းနှင်ပါမည်။” ယခု ထိုကားမျိုးတီထွင်နေပါပြီ— အဝေးထိန်းစနစ်ဖြင့်ဖြစ်၍ လုံခြုံရေးအတွက် ဖြစ်ပါသည်။ မှန်ပါသည်။ မြို့ထဲသို့သင်က ဝင်၍မရပါ။ မိုင်နှစ်ဆယ်နှုန်းဖြစ်ပါသည်။ သင်မိုင်နှစ်ဆယ်လောက် သွားနိုင်ပါသည်။ အခြားကားတစ်စီးကို မတိုက်မိပါ။ အကြောင်းမှာ အဝေးထိန်းစံနစ်ဖြင့်ထိန်းထားသောကြောင့်ဖြစ်ပါသည်။ ယခုထိုကဲ့သို့ပင် ဖြစ်နေပါသည်။

ကျွန်တော်ကပြောပါသည်။ “ထိုနေ့ရက်မှာ။ နောက်ဆုံး၊ အချိန်မရောက်မှီ... သင်တို့အားလုံးကို ရေးချမှတ်သားထားပါ။ ကြီးမားသော တန်ခိုးရှိသည့် မိန်းမပေါ်ထွက်လာမည်။ သမ္မတ(သို့) အာဏာရှင်ဖြစ်မည်။ အမေရိကန်နိုင်ငံများ ကြီးမား၍တန်ခိုးရှိသော မိန်းမဖြစ်ပါသည်။ သူမသည် သြဇာအာဏာ ရှိသော မိန်းမအောက်မှာ နစ်မြုတ်သွားရပါမည်။”

“ကိုယ်တော်ရှင်မိန့်တော်မူသည်” ပင်ဖြစ်ကြောင်းသတိရပါ။

94 ၉၄။ သူမမှားနေပါသည်။ဘာကိုပေးလိုက်ရပါသနည်း? ကျွန်တော်ပြောပါရစေ။ဝိညာဉ်ရေးအဖြစ် ရပ်တည်ပါ... ဖွင့်ပြပါ။ ကြည့်ပါ။ ဘာကြောင့် ထိုအရာကိုလုပ်နေပါသနည်း? ကတ်သလစ်အသင်းတော်ကိုဝင်လာရန် နေရာပေးခြင်းဖြစ်ပါသည်။ သင်တို့ရုပ်ရှင်ကြယ်ပွင့်ကလေးများကို ကိုးကွယ်ပါသည်။တခြားမတူညီသော အရာများ ကိုလည်းပြင်ပမှာ ကိုးကွယ်ကြသည်။ ကျွန်တော် ဟောပြောသော တရားဟောချက်ကိုသတိရ ပါ? သင်သတိရပါသလားမာဂျီ၊ နှစ်ပေါင်းများစွာက အမေရိကန်နိုင်ငံကို တိုက်ခိုက်သိမ်းပိုက်၍ အမေရိကန်အစိုးရကိုဖြုတ်ချခဲ့ပါသည်။ သူပါရီ မှာပေါ်ထွက်လာပြီး ကျွန်တော်တို့က “မိန်းမ၊ ဝိုင်နှင့် အချိန်ကောင်းကြီး” ထဲမှ သူတို့ကို ကယ်ထုတ်ခဲ့ရပါသည်။ ဟောလီးဝုဒ်မှာသူက မီးထွန်း ပါသည်။ ပါရီကို မော်ဒယ်များရရှိဖို့ကျွန်တော် တို့ကို စေလွှတ်မည့် အစားဒီကို ပို့ပြီး မော်ဒယ်များရရှိအောင်ပြုလုပ်ပါသည်။ ၎င်းက ဘာလုပ်ပါသလဲ? သင့်ကလေးများကို ရုပ်ရှင်သို့သင်မသွားစေပါ။သို့သော် တယ်လီပွီးရှင်းထဲရောက်လာပါသည်။ အပြင်သို့ထွက်လာပြီး တခုလုံးကို ကူးစက်သွားပါသည်။

ယနေ့လည်း လူကလေးများနှင့် မိန်းကလေးများအားလုံးကြိုက်ကြသည်... တယ်လီပွီးရှင်းသရုပ်ဆောင်များ ဖြစ်လိုကြပါသည်။ အဲဒါဘာလဲ? လမ်းလုပ်ပေးခြင်းပဲဖြစ်ပါသည်။မကောင်းသော မိန်းမက ငရဲထဲသို့လူများကို ပို့၍ ပို့၍ ပို့နိုင်ပါသည်။ သူမမြို့ထဲဆင်းသွားသောအခါ ကြည့်ပါ။ အဝတ်အစားအားလုံးချွတ်ထားပါသည်။ ယောကျ်ားတွေကို ဂရုမစိုက်ပါ သူက ပုံမှန်ကျန်းမာသူတဦးဖြစ်ပါက ထိုမိန်းမကို ကြည့်ပြီး တခုခုလုပ်ရန် စိတ်ဖြစ်လာပါမည်။ ရိုးသားကြပါ။

95 ၉၅။ ငါဂရုမစိုက်ပါ... နှစ်ပေါင်းများစွာ ငါ့မှာ သန့်ရှင်းသော ဝိညာဉ်တော် ရှိပါတယ်။မိန်းမတဦးမလုံ့တ လုံဝတ်ဆင်ထားသည်ကို သင်မကြည့်နိုင်ပါ... ကျွန်တော်ကားပေါ်မှာ ကားတိုင်ကလေးကို ဆောင်းထားပါတယ်။ ခင်ဗျားတို့တွေ့ကြပါတယ်။ တစုံတယောက်က မေးပါတယ်။ ခင်ဗျား ကတ်သလစ်လား? ကတ်သလစ်က ကားတိုင်ကို အများမြင်အောင် ဘယ်မှာထားသလဲ? ကားတိုင်၏ အဓိပ္ပာယ်မှာ“ခရစ်ယာန်” ဖြစ်သည်။

စိန့်စီစီလျာနှင့် အခြားနေရာများမှာ ကတ်သလစ်ကင်း၏အမှတ်အသားဖြစ်ပါသည်။ ကျွန်တော်တို့ထိုအရာများကို မယုံကြည်ပါ။ ခရစ်တော်ကို ခရစ်တော်ကိုသာယုံကြည်ပါသည်။လူသေမျိုးစုံကို သူတို့ကိုးကွယ်ကြပါသည်။ မြင့်မားသော ဝိညာဉ်တော်ရေးရာပုံစံဖြစ်ပါသည်။ သေသူတို့ကိုးကွယ်ခြင်းဖြစ်သည်။ ထိုသို့သော အရာမျိုးမရှိပါ။ မဟုတ်ပါ။

96 ၉၆။ ယစ်ပရောဟိတ်ဘုန်းတော်ကြီးကို ကျွန်တော်မေးပါသည်။ “ဘာကြောင့်... ပေတရုက ပထမဆုံးပုပ်ဖြစ်ပါက....?သူက” “မှန်တယ်” ဟုဖြေပါသည်။ ကျွန်တော်ပြောပါသည်။ ပေတရုကဘာကြောင့်ပြောသလဲ။ “ဘုရားနှင့် လူကြားမှာယေရှုခရစ်တော်တည်းဟူသော ကြားခံအပြင် အခြားမည်သူမှမရှိဟု ဆိုပါသည်။ မိန်းမငါးယောက်သေပြီးထိုသူတွေကို ကြားခံဆုတောင်းပေးသူများ ဘာကြောင့် လုပ်ထားရပါသနည်း? ဘာဖြစ်လာပါသလဲ?” အဖြေမရကြပါ။

97 ၉၇။ သူတို့၏မှားယွင်းသော သွန်သင်ချက်များမှာ။ ပရိုတက်စတင့် ပရောဖက် အုပ်စုတစု ရောက်လာပြီး သင်ပေးလိုက်ပါသည်။ ပရိုတက်စတင့်များက လည်း လက်ခံကြသည်။ ဂိုဏ်းဂဏများနှင့် ဗတ္တိဇံပုံစံများနှင့်မတူညီသော ပုံစံများ ကို သင်ဖြတ်သွားရပါမည်။ ကျမ်းစာနှင့် လုံးဝ မကိုက်ညီသောအရာပင်ဖြစ်ပါသည်။ကျမ်းစာထဲမှာနှင့် ဆန့်ကျင် နေပါသည်။ ထို့ကြောင့် သင်က လက်ခံလိုက်သည်။ အဲဒါ အမှန်တရားပင်ဖြစ်ပါသည်။

98 ၉၈။ မိန်းမတရားဟောဆရာမများနှင့်ပတ်သတ်သည့် အကြောင်းများကို လည်းနားထောင်ကြည့်ပါ။ ပထမဆုံး ၁တိ ၂း၁၁ ကိုပြောချင်ပါ

သည်။ဘာပြောသလဲဆိုတာကြည့်ပါ။

မိန်းမသည် အုပ်စိုးခြင်းကို အစဉ်ဝန်ခံ၍ တိတ်ဆိတ်စွာသင်စေ။ [အော်ဆိုဒေါစ် အသင်းတော်ထံသွားပါက တွေ့ရပါမည်။] မိန်းမသည် ဆုံးမဩဝါဒ ပေးခြင်း၊ယောက်ျားကို အစိုးတရပြုစေခြင်းအခွင့် ကိုငါမပေး။ သူသည် တိတ်ဆိတ်စွာနေအပ်၏။ [သင်းအုပ်၊သင်းထောက် (သို့) ထိုသို့အကြောင်းမူကား၊ အာဒံကို ရှေဦးစွာ ဖန်ဆင်းတော်မူ၍ နောက်မှဧဝကို ဖန်ဆင်း တော်မူ၏။]

99 ၉၉။ သင်သိပါသလား… ယခု နားထောင်ပါမိန်းမများ၊ သင်တို့ကောင်းမြတ်၍ ဖြောင့်မတ်သောခရစ်ယာန် မိန်းမများမှာ အကောင်းဆုံး ဘုရားသခင်က ယောက်ျားများကို ပေးနိုင်သော အရာပင်ဖြစ်ပါသည်။(သို့) ကိုယ်တော်က သူ့ကို တခြား အရာကို ပေးပေမည်။ ဟုတ်ပါတယ် ဆရာ။ မိန်းမကို မူလဖန်ဆင်းခြင်းအစကမတွေ့ရပါ။ ဘုရားသခင်က ဖန်ဆင်း သည့်အရာမှာ မိန်းမမပါပါ။ ယောက်ျားအားဖြင့်တဆင့် ဖန်ဆင်းခြင်းဖြစ်ပါသည်။ဘုရားသခင်က ယောက်ျားကိုယော ကျ်ားမိန်းမနှစ်မျိုးစလုံး ဖန်ဆင်းခြင်းဖြစ်ပါသည်။ ကိုယ်တော်ကခွဲခြားလိုက်ခြင်းဖြစ်ပါသည်။ ကမ္ဘာကြီးပေါ်မှာ လူယောက်ျား တဦးတည်းကြာမြင့်စွာ နေထိုင်ပြီးတိရိစ္ဆာန်များကို အမည်မှည့်ခေါ်သည်။ သမ္မာကျမ်းစာက ဆိုထားပါ သည်။ ကိုယ်တော်ရှင်က လူယောက်ျားဖြစ်ပါသည်။ ကိုယ်တော်သည် လူသားဖြစ်သည်။ ဘုရားသခင်က လူသားဖြစ် ပါက လူယောက်ျားပင် ဖြစ်ရပါသည်။

100 ၁၀၀။ ဘုရားသခင်က လူယောက်ျားကိုယူသည်။ နတ်ဆိုးက လူမိန်းမကို ယူပါသည်။ မျက်နှာကို သေချာစွာတည့်တည့်ကြည့်ပါ။ ယနေ့ဘာလုပ် နေပါသလဲ?ဘုရားသခင်၏ တကယ်စစ်မှန်သော အသင်းတော်ကိုကြည့်ပါ။ “ယေရှု” ဟုဆိုပါမည်။ အန္တိခရစ်က “မာရိ”ဟုဆိုပေမည်။ ဝိညာဉ်များ ကိုကြည့်ပါ။ သူတို့ဆိုတာကိုကြည့်ပါ။ ဟေးလ် မေရီ၊ ဘုရားမယ်တော်၊ကောင်းချီးခံရသော မိန်းမ၊ အပြစ်သားကျွန်ုပ်တို့အ တွက် ဆုတောင်းပေးပါ။ ယခုနှင့် ကျွန်ုပ်တို့သေဆုံးသည့်တိုင် အောင်ဖြစ်ပါသည်။ အာမင်။ မာရိဆုတောင်းပေးပါ… အိုဖြစ်ရလေ၊ သင်တို့ပါသွား ပါပြီ။ မိန်းမဖြစ်၍ နတ်ဆိုး၏ ရာဖြစ်ပါသည်။ခရစ်တော်— ဝတ်ပြုကိုးကွယ်ရမည့်အရာဖြစ်၍ တခုတည်းသာ ရှိပါသည်။

